# ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း
## အတွဲ(၂)၊ အမှတ်(၉)၊ မေ ၂၀၁၈

ယခုရက်စွဲမှတ်တမ်းပါ အချက်အလက်များသည် မြန်မာ့အရေး လေ့လာသူများအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်မှ မေလ ၂၈ ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ၊ ဆွေးနွေးမှုများနှင့် တခြားသော ဆက်စပ်သတင်း များအား မီဒီယာများမှတဆင့် မှတ်တမ်းတင်ထားသော ရက်အလိုက် ငြိမ်းချမ်းရေးသတင်း စုစည်းချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ရက်စွဲမှတ်တမ်းပါအချက်များသည် မြန်မာ့အရေးလေ့လာသူများ၏ အမြင်နှင့် အာဘော်မဟုတ်ဘဲ ငြိမ်းချမ်းရေးနှင့် ပတ်သက်သော မီဒီယာဖော်ပြချက်များအား စုစည်းပေးထားခြင်းသာဖြစ်ပါသည်။ မြန်မာ့အရေးလေ့လာသူများအဖွဲ့မှ ထုတ်ဝေလျက်ရှိသော ငြိမ်းချမ်းရေး ရက်စွဲစဉ်မှတ်တမ်းများအား ပိုမိုကောင်းမွန်စေရန်အတွက် အကြံပြုချက်များပေးပါရန် အကူအညီ တောင်းခံအပ်ပြီး၊ အကြံပြုချက်များပေးပို့လိုပါက bcmg.burma.org@gmail.com နှင့် ဖုန်း - 09-796636737 တို့ကို ဆက်သွယ်နိုင်ပါသည်။

မြန်မာ့အရေးလေ့လာသူများအဖွဲ့

## လက်နက်ကိုင်ပဋိပက္ခ

- **ကချင်**

မေလ (၁၄) ရက်နေ့တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တပ်ရင်းဌာနချုပ်အား မြန်မာ့တပ်မတော်မှ ဂျက်တိုက်လေယာဉ်(၂)စီးဖြင့် နံနက်(၉) နာရီ (၄၀) မိနစ်မှ (၁၁) နာရီအတွင်း နစ်ကြိမ်တိုင် ဗုံးကြဲ တိုက်ခိုက်ခဲ့ သည်။ ထို့အပြင် မုန်းဂျီးခရိုင်၊ မန်ပင်း( Man Pyin)၌ KIA တပ်ရင်း(၂) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (NAB)

မေလ ၁၅ နေ့တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲကြောင့် ထွက်ပြေးခဲ့ရသည့် စစ်ဘေးဒုက္ခသည်များသည် ကချင်ပြည်နယ် မေခမြစ်တဘက်ကမ်း ဂျူဗလီ ကျေးရွာဘက်မှ ထွက်ပြေးခဲ့ပြီး ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် ပိုင်းမော်ဖုံနယ်ရုံးတွင် ခိုလှုံနေရကြရသည်ဟု ဆရာဘရန်မိုင်မှပြောခဲ့သည်။ ဒုက္ခသည်များသည် ဆွတ်ဂျာ၊ အင်ဒုံဖွပ်၊ အူလောင်ယန်နှင့် ဂျူဗလီကျေးရွာများမှ ထွက်ပြေးတိမ်းရှောင်လာသူများဖြစ်ပြီး လူဦးရေ စုစုပေါင်း အယောက် ၂၀၀ခန့်ဖြစ်သည်။ (Kachinwave)

မေလ (၁၅) ရက်နေ့တွင် ကချင်ပြည်နယ် ဖားကန့်ဒေသအတွင်း ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တပ်ရင်း(၆) နှင့် မြန်မာ့တပ်မတော် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့ပြင် ဟူးကောင်းခရိုင်၊ KIA တပ်ရင်း(၁၄) အား ပယင်းမှော်ဖက်မှ မြန်မာ့ တပ်မတော်က လက်နက်ကြီးများဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့သည်။ ထို့အတူ အင်ဂျန်းယန်မြို့နယ်၌ KIA တပ်မဟာ(၁) ၊ တပ်ရင်းရင်း(၄)နှင့် မြန်မာတပ်မတော်၏ တပ်မ(၃၃) လက်အောက်ခံ၊ခလရ(၁၂၀) တို့သည် နံနက်(၇) နာရီမှ (၇) နာရီ(၅၀) မိနစ်အထိ မိနစ်(၅၀) ကြာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး၊ မြန်မာတပ်မတော် တပ်မ(၁၁)လက်အောက်ခံ ခမရ(၂၁၇) နှင့် မြောက်ပိုင်း

မဟာမိတ်( KIA+MNDAA) ပူးပေါင်းတပ်တို့ သည်KIA တပ်မဟာ(၆) ပတ်ဝန်းကျင်၌လည်းကောင်း၊ မြန်မာ့တပ်မတော်နှင့် မြောက်ပိုင်း မဟာမိတ်( MNDAA+TNLA) ပူးပေါင်းတပ်တို့သည် မူဆယ်-ကွတ်ခိုင်ကားလမ်းနံဘေး "ထန်ဖာဘွမ်" Htanhpa Bum အနီးတွင်လည်းကောင်း၊ ကွတ်ခိုင် မြို့နယ် မန်ပိုင်ကျေးရွာအနီးတွင် လည်းကောင်း အသီးသီးတိုက်ပွဲများ ဖြစ်ပွားခဲ့သည်။(NAB) (ShanNew)

မေလ ၂၇ ရက်နေ့ ညနေပိုင်းတွင် ကချင်ပြည်နယ် ဖားကန့်လမ်းရှိ မြန်မာ့တပ်မတော်တပ် စခန်း ၂ခုမှ လက်နက်ကြီးများ အကြိမ်ပေါင်းများစွာ ပစ်ခတ်ခဲ့သည်ဟု ဒေသခံများမှ ပြောခဲ့သည်။ ညနေ ၄ နာရီခန့်တွင် Kahtan Yang ကျေးရွာ ဖုန်း microwave တောင်စခန်း မှ Lai Nawng Hku (လိုင်နောင်ခူး) ဘက်ကို လက်နက်ကြီး ၂ ကြိမ် ပစ်ခတ်ခဲ့ပြီး ၁လုံး ကျေးရွာ ရပ်ကွက် ၁ လူသွားလမ်းပေါ် ကျရောက်ပေါက်ကွဲခဲ့သော်ပြီး၊ ညနေ ၅နာရီခန့်မှာလည်း မိုးကောင်းမြို့နယ် Namsheng Bum (နန်ဟိုင်းတောင်) နှင့် Hka San Bum (စီတုံတောင်) ဘက်ကို ဆောင်းခါးကျေးရွာအနီး Laika Galai (တပို့) စခန်း မှ လက်နက်ကြီး အကြိမ် များစွာ ပစ်ခတ်ခဲ့သည်ဟု ဒေသခံများမှပြောခဲ့သည်။ (KachinNew)

## - ရှမ်းပြည်နယ်

မေလ ၁၄ ရက်နေ့ နံနက် (၁၀း၀၀)နာရီမှ (၁၀း၄၅) နာရီထိ ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ် နမ့်အွမ်ကျေးရွာနှင့် ကောင်းခါး ကျေးရွာကြား၌ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA တပ်ရင်း (၇၇၇)နှင့် မြန်မာ့ တပ်မတော် တပ်မ ၁၁ တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (TNLA) (NMG)

မေလ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တပ်မဟာ ၅ နယ်မြေ ကွတ်ခိုင်မြို့နယ် မန်ပိုင်ကျေးရွာအနီး၌ တအန်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် TNLA တပ်ရင်း ၂၂၃ မဟာမိတ် + မြန်မာနိုင်ငံအမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော် (MNDAA) ပူးတွဲတပ်ဖွဲ့ နှင့် မြန်မာ့တပ်မတော် တပ်မ ၁၁ တို့ ၀၉း၃၀ နာရီမှ ၁၁း၀၀ နာရီထိ တကြိမ်၊ နေ့လည် ၁၂း၀၀ နာရီမှ ၁၂း၃၀ နာရီထိ တကြိမ် နှစ်ကြိမ်တိုင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ (TNLA) (ShanNew)

မေလ ၁၆ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်၊ ဟိုမောကျေးရွာအနီး၌ တအန်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် TNLA နှင့် မြန်မာ့တပ်မတော်တို့ နံနက်(၆) နာရီမှ နံနက်(၆)နာရီ(၃၀) မိနစ်အထိ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (NAB) (TNLA)

မေလ ၁၈ ရက်နေ့ နံနက်ပိုင်း ၀၆း၄၅ နာရီမှ ၀၇း၃၀ နာရီထိ ရှမ်းပြည်နယ်၊ တပ်မဟာ ၅ နယ်မြေ တာမိုညဲမြို့နယ်ခွဲ တက္ကနိုင်ကျေးရွာနှင့် ရောက်ကိုင် ကျေးရွာကြား ရောက်ကိုင်ကျေးရွာအထက်၌ တအန်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) တပ်ရင်း ၃၃၅ နှင့် မြန်မာ့တပ်မတော် တပ်မ ၁၁ တို့ နှစ်ဖက်ထိပ်တိုက် ရင်ဆိုင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ (TNLA)

မေလ ၁၉ ရက်နေ့ နံနက် ၇ နာရီမှ ၈ နာရီအထိ ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်၊ ဖားပျံ(ဖာပဲန်) ကျေးရွာအောက်၌ တအန်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် တပ်ရင်း ၄၇၈/၅၇၁ နှင့် မြန်မာ့တပ်မတော် တပ်မ (၈၈) တို့တွင် တိုက်ပွဲ တကြိမ် ဖြစ်ပွားခဲ့ပြီး၊ တအန်းတပ်မဟာ နယ်မြေ ၅ ကွတ်ခိုင်မြို့နယ်၊ ရွှေမော်ရွာအနီး၌လည်း တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် ၈၁၈ နှင့် မြန်မာ့တပ်မတော် တပ်မ ၁၁ တို့ နေ့လည် ၁ နာရီတွင် တကြိမ် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (TNLA)

မေလ ၂၂ ရက်နေ့ နေ့လည် ၃ နာရီ ၂၀ မိနစ်မှ ၃ နာရီ ၄၀ မိနစ်အထိ ရှမ်းပြည်တောင်ပိုင်း မိုင်းကိုင်မြို့နယ် မိုင်းခွန် ကျေးရွာအနီး သျှမ်းပြည် ပြန်လည် ထူထောင်ရေးကောင်စီ သျှမ်းပြည် တပ်မတော် (RCSS/SSA) နှင့် မြန်မာ့ တပ်မတော်တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (ShanNews)

မေလ ၂၂ ရက်နေ့ နံနက်ပိုင်း ၁၁ နာရီ ၂၀ မိနစ် အချိန်ခန့်တွင် ရှမ်းပြည်နယ် နမ္မတူမြို့ နာလင်းကျေးရွာနှင့် ပန်ယာကျေးရွာကြား၌ တအန်း အမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် မြန်မာ့တပ်မတော် ခမရ ၃၂၄ တို့ ထိပ်တိုက်ရင်ဆိုင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ (TNLA) (NAB)

## ငြိမ်းချမ်းရေးဖြစ်စဉ်ရက်စွဲစဉ်မှတ်တမ်း
## အတွဲ(၂)၊ အမှတ်(၉)၊ မေ ၂၀၁၈

- ### ချင်းပြည်နယ်

မေလ (၁၄) ရက်နေ့၊ နံနက်(၈) နာရီခန့်မှစ၍ နေ့လည်(၁၂) နာရီ (၄၀) မိနစ်ထိ ချင်းပြည်နယ်၊ ပလက်ဒေသအနီး၊ ကုလား တန်မြစ် အရှေ့ဖက်ကမ်း၊ ကုန်ပြင် ရွာအနီး၌ ရက္ခိုင့်လွတ်မြောက်ရေးတပ်မတော် (ULA/AA) နှင့်မြန်မာ့ တပ်မတော်တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ (NMG) (ULA/AA)

မေလ (၁၈) ရက်နေ့ နံနက်(၈) နာရီခန့်တွင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် "ရှင်မဒိန်"ကျေးရွာအနီး၌ ရက္ခိုင့်တပ်မတော် (ULA/AA) နှင့် မြန်မာ့တပ်မတော် တို့ မိနစ်(၂၀) ခန့်ကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲကြောင့် ကျေးရွာသား ၆၀ခန့်သည် ဖဉ်ဘောင်းပြင်ကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်လာကြသည်ဟု ပလက်ဝမြို့နယ် လူမှုကူညီရေး ပရဟိတအဖွဲ့မှ တာဝန် ရှိသူတစ်ဦးက ပြောခဲ့သည်။ (AA) (BBC) (RFA)

မေလ ၂၀ ရက်နေ့ နံနက် ၈ နာရီ ၅၀ မိနစ်တွင် ဘင်္ဂလားဒေ့ရှ် - မြန်မာနယ်စပ် မှတ်တိုင် (၆၃) နှင့် (၆၄) အနီး၌ မြန်မာ့တပ်မတော်၏ စကခ ၁၅ လက်အောက်ခံ ဘူးသီးတောင် မောင်းတော အခြေစိုက် ခလရ (၂၆၃) တပ်ရင်းနှင့် ရက္ခိုင့်တပ်မတော် (ULA/AA) တို့ ၄၅ မိနစ်ကြာတိုက်ပွဲ ဖြစ်ပွားခဲ့ပြီး ညနေပိုင်းထိ ဆက်လက် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ တိုက်ပွဲအတွင်း ULA/AA ဘက်မှ တဦး သေဆုံးခဲ့ပြီး မြန်မာ့တပ်မတော်ဘက်မှ ၉ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ULA/AA မှ မြန်မာ့တပ်မတော်သား ၃ ဦးကို ဖမ်းဆီးခဲ့သည်။ (Irrawaddy) (BBC) (ULA/AA) (BBC) (Mizzima)

မေလ ၂၆ ရက်နေ့၊ ညနေ (၅) နာရီ (၁၀) မိနစ်ခန့်အချိန်တွင် ရက္ခိုင့်တပ်မတော် (ULA/AA) နှင့် မြန်မာ့တပ်မတော်တို့ "ဆတ်တလာဝ"ရွာအနီး၌ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ULA/AA မှ မြန်မာ့တပ်မတော်မှ ထိုးစစ်ဆင်ခဲ့ခြင်းကြောင့် တိုက်ပွဲဖြစ်ပွားရသည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ (ULA-AA)

မေလ (၂၇) ရက်နေ့ ညနေ (၆) နာရီ (၂၂) မိနစ်မှ (၉) နာရီအထိ "အုံးသီးဝ" ရွာအနီး၌ ရက္ခိုင့်တပ်မတော် (ULA/AA) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (ULA-AA)

မေလ ၂၈ ရက်၊ ညနေ ၄ နာရီတွင် ရက္ခိုင့်တပ်မတော်(ULA/AA) နှင့် မြန်မာ့တပ်မတော်တို့ "ဉသသလင်းချောင်း" ၌ တိုက်ပွဲဖြစ်ပွားခဲ့သည်။ (ULA-AA)

## စစ်ဘေးရှောင်

- ### ကချင်ပြည်နယ်

မေလ ၁၅ နေ့တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲကြောင့် ထွက်ပြေးခဲ့ရသည့် စစ်ဘေးဒုက္ခသည်များသည် ကချင်ပြည်နယ် မေခမြစ်တဘက်ကမ်း ဂျူဗလီ ကျေးရွာဘက်မှ ထွက်ပြေးခဲ့ပြီး ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် ဝိုင်းမော်ဖုံနယ်ရုံးတွင် ခိုလှုံနေရကြရသည်ဟု ဆရာဘရန်မိုင်မှပြောခဲ့သည်။ ဒုက္ခသည်များသည် ဆွတ်ဂျာ၊ အင်ဒုံဖွပ်၊ အူလောင်ယန်နှင့် ဂျူဗလီကျေးရွာများမှ ထွက်ပြေးတိမ်းရှောင်လာသူများဖြစ်ပြီး လူဦးရေ စုစုပေါင်း အယောက် ၂၀၀ခန့်ဖြစ်သည်။ (Kachinwave)

ကချင်ပြည်နယ် အစိုးရမှ ဦးဆောင်ပြီး အင်ဂျန်းယန်မြို့နယ်က ပိတ်မိပြည်သူများအား သွားရောက် တွေ့ဆုံမည့် ခရီးစဉ်အား မေလ ၁၉ ရက်နေ့တွင် စတင်ခဲ့ပြီး မြစ်ကြီးနားမြို့နယ် နောင်နန်းရပ်ကွက်အရောက်၌ မြစ်ကြီးနားခရိုင် အုပ်ချုပ်ရေးမှူးမှ ပြည်နယ်အစိုးရ တာဝန်ရှိသူများအား လိုက်ပါခွင့်ပြုပြီး သတင်းမီဒီယာအဖွဲ့နှင့် ကချင်လူငယ်များအား လိုက်ပါခွင့်မပြုခဲ့ပါ။ (RFA)

မေလ ၂၁ ရက်နေ့တွင် ကချင်ပြည်နယ် အစိုးရမှ ကြီးမှူး၍ ကချင်ပြည်နယ်အတွင်း နယ်မြေမတည်ငြိမ်မှုများ ကြောင့် နေရပ်စွန့်ခွာပြောင်းရွှေ့ ရောက်ရှိလာကြသည့် ဒေသခံပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့ ကူညီမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီ အသီးသီး ဖွဲ့စည်းခဲ့သည်။ (MOI)
မေလ ၂၃ ရက်နေ့တွင် မြစ်ကြီးနားမြို့ ရော ရပ်ကွက်ရှိ ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးရှိ မလိခ ခန်းမ၌ ကချင်ပြည်နယ် အစိုးရ မှ ဦးစီးပြီး ဒုက္ခသည်များအား ကူညီနိုင်ရန်အတွက် ဖွဲ့စည်းထားသော ဦးစီးကော်မတီနှင့် ဆပ်ကော်မတီ ပထမ အကြိမ် အစည်းအဝေးပြုလုပ်ခဲ့သည်။ (MOI)

မေလ ၂၅ ရက်နေ့တွင် ကချင်ပြည်နယ်၊ အင်ဂျန်းယန်မြို့နယ် အနီးတဝိုက်ကျေးရွာများမှ မြို့ပေါ်ကို ထွက်ပြေးရောက်ရှိ နေသည့် စစ်ဘေးဒုက္ခသည်တွေ နေရပ်သို့စတင်ပြန်နေကြပြီဟု အကူအညီပေးနေသည့် အင်ဂျန်းယန်ပြည်နယ် လွှတ် တော်ကိုယ်စားလှယ်ဒါဂျာဆိုင်းခေါန်မှ ပြောခဲ့သည်။ (RFA) (7Day) (KachinNew)

မေလ ၂၇ ရက်တွင် တောထဲတွင် တစ်လကျော်ကြာ တိမ်းရှောင်နေသည့် ကချင်ပြည်နယ် တနိုင်းမြို့နယ် အောင်လော့ဒ် ဒေသမှ စစ်ဘေးရှောင် ၆၈ ဦးသည် ရိက္ခာပြတ်၍ မြို့ပေါ်သို့ ရောက်ရှိလာကြောင်း တနိုင်းမြို့ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ စစ်ဘေးရှောင်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဒုဥက္ကဋ္ဌ ဦးနော်တောင်မှပြောခဲ့သည်။ "ကျွန်တော်တို့ကို ဆက် သွယ်လာတာတော့ မဟုတ်ဘူး။ တနိုင်းမြို့နားရောက်မှ သူတို့က ကျွန်တော်တို့ ရောက်လာပြီဆို တာ အကြောင်း ကြားလို့ သွားခေါ် ယူတာ။ သူတို့ကတော့ ရိက္ခာ ပြတ်လို့ ထွက်လာတာ။ လမ်းမှာ အခက်အခဲ အများကြီးရှိတယ်။ တစ်ပတ် လောက် လမ်းလျှောက် ရတယ်လို့ ပြောတယ်"ဟု ဦးနော်တောင်မှဆိုခဲ့သည်။ (7Day) (NMG)

## - ချင်းပြည်နယ်

မေလ ၁၆ ရက်နေ့တွင် ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ် ကူချောင်းဖျားကျေးရွာ၌ ရက္ခိုင့်တပ်မတော် (UNL/AA) တပ်ဖွဲ့များ ဝင်ရောက်ပြီး ဒေသခံပြည်သူများအား ဖမ်းဆီးနှိပ်စက်မှုများ ပြုလုပ်ခဲ့သည့်အတွက် ရွာသား ၆၀ ကျော်တို့သည် နီးစပ်ရာ ဇဉ်ဘောင်ပြင်ကျေးရွာဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်ဟု အမည်မဖော်လိုသည့် ထွက်ပြေးတိမ်း ရှောင်သူ တစ်ဦးမှ ပြောခဲ့သည်။ (Khonumthung New)

## လူ့အခွင့်အရေးချိုးဖောက်မှု

မွန်ပြည်နယ် ရေးမြို့နယ်က ကုလားဂုတ်ကျွန်း အလယ်ဆိပ်ရွာ၌ ခမရ ၅၈၇ ခြေမြန်တပ်ရင်းမှ တပ်မတော်အရာရှိ တစ်ဦးက ဒေသခံရွာသားတစ်ယောက်ကို သေနတ်နှင့်ပစ်ခတ်ခဲ့တာကြောင့် ရွာသားတဦး သေဆုံးခဲ့သည်။ "ဖြစ်စဉ် က တော့ ၁၅ ရက် ၅ လ မှာဖြစ်တယ်၊ ရဲစခန်းတိုင်တာကတော့ ၁၈ ရက် ၅ လ မှာတိုင်တယ်၊ သေတဲ့ သူကတော့ တင်စိုး မြင့်၊ တိုင်တာကတော့ သူ့မိန်းမ ခင်ဆွေတင့် လမိုင်းနယ်မြေရဲစခန်းမှာ လာတိုင်တာ" ဟုရေးမြို့နယ် ရဲတပ်ဖွဲ့မှ ရဲမှူး မြင့်ဝင်းက ပြောခဲ့သည်။ (RFA)

မေလ ၁၈ ရက်နေ့ နေ့လည် ၂ နာရီအချိန်တွင် လက်နက်အပြည့်အစုံ ကိုင်ဆောင်ထားသည့် တပ်မတော်နှင့် ရဲတပ်ဖွဲ့ အင်အား ၂၀ ကျော်သည် တရုတ်နိုင်ငံသို့ ကုန်တင်ပို့ရန်အတွက် နမ့်ခမ်းမြို့နယ် နောင်ခံ ကျေးရွာအုပ်စုအနီးရှိ နမ့်မောစ် လှေဆိပ်အနီးတွင် ရပ်နားထားသည့် ကုန်တင်ကားယာဉ်မောင်း ၅ ဦးအား အကြောင်းရင်းမသိရှိရဘဲ အဓမ္မဖမ်းဆီး၍ မိသားစုဝင်များအား အာမခံကြေး ငွေကျပ် သိန်း ၂၀၀ ကျော်တောင်းခံခဲ့သည်ဟု နမ့်ခမ်းဒေသခံတစ်ဦးမှပြောခဲ့သည်။ (TaiFreedom)

မေလ ၁၇ ရက်နေ့ နံနက် ၁၁ နာရီအချိန်တွင် ရက္ခိုင့်တပ်မတော် (ULA/AA) သည် ရှင်မဒိန်အုပ်စု၊ တဝိုးပွိကျေးရွာရှိ ကျေးရွာလူထုများအား ညှင်းပန်း နှိပ်စက် ခြိမ်းခြောက်ကာ ငွေကြေးများနှင့် လူသုံးကုန် ပစ္စည်းများအား ယူသွားခဲ့ကြောင်း (ငွေအပါအဝင် ကာလတန်ဖိုးအားဖြင့် ၆၇ သိန်းကျော်) အား ယူသွားခဲ့ကြောင်း ဓမ္မဆရာ၊ အုပ်ချုပ်ရေးမှူးဟောင်း၊ ရာအိမ်မှူးဟောင်း၊ အထွေထွေဝန်ထမ်း နှင့် ရွာသားနှစ်ယောက် နှစ်ယောက်လက်မှတ်ပါဝင်သော သတင်းပေးပို့စာအား မေလ ၂၂ ရက်နေ့တွင် CHIN WORLD မှ သတင်းထုတ်ပြန်ခဲ့သည်။ (CHINWORLD) (IRRAWADDY)

## မိုင်း

မေ ၁၅ ရက် ည ၁၁နာရီ ၂၀ မိနစ်တွင် ကချင်ပြည်နယ် မြစ်ကြီးနား-မန္တလေး မီးရထားလမ်းပေါ်ရှိ မိုးကောင်း ဘူတာနှင့် ထိုပူးဘူတာအကြား (မိုင်တိုင် အမှတ်၊ ၆၈၂/၁နှင့် ၆၈၂/၂ အကြား) မီးရထားသံလမ်းတံတား အမှတ်၊ ၆၆၂ အား ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) မှ မိုင်းထောင်ဖောက်ခွဲခဲ့သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့သည်။ (Military) (Myitkyina New) (7Day)

မေလ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် ဖားကန့်မြို့နယ် လုံးခင်း-ကာမိုင်း လမ်းပိုင်း လယ်ပြင်ကျေးရွာအထွက်နား စစ်ဆေးရေး ဂိတ် ၂ ခုအကြားမှာ မိုင်း ၂ လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ဟု လုံးခင်း ရဲစခန်း၏ ရဲအရာရှိ တဦးမှ ပြောခဲ့သည်။ (Popular)

မေလ ၂၀ ရက်နေ့တွင် ကျော်မဲမြို့နယ် မိုင်းငေါ့မြို့နယ်ခွဲ ချုံးကျေးရွာအုပ်စု ဟင်းအိုးကျေးရွာ၌ နေထိုင်သည့် ဦးအိုက်ရင်သည် မိုင်နှစ်ဆယ်လောက် အကွာ၌ ရှိသည့် ကျပ်ကိုင်ရွာကို အသွား မိုင်းနင်းမိပြီး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ဦးအိုက်ရင်အား မိုင်းငေါ့ပြည်သူ့ဆေးရုံကနေ တဆင့် ကျောက်မဲမြို့ခရိုင် ပြည်သူ့ဆေးရုံကို ည ၇ နာရီ၄၅ မိနစ် လွှဲပြောင်းခဲ့သည်။ (Popular)

မေ ၂၂ ရက် နံနက် ၇ နာရီခန့်တွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆည်ဇင်ကျေးရွာ၊ ပင်းယံခရပ်ကွက်နေ ဦးနိုင်လင်းအောင်နှင့် ဦးအောင်မြင့်ဦးတို့ နှစ်ဦးသည် ကျေးရွာ၏ အရှေ့မြောက်ဘက်ရှိ ဒေသအခေါ် ကညင်ပြန့်သို့ မျောတိုင်သွားရောက် ခုတ်ယူစဉ် ကျေးရွာ၏ အရှေ့မြောက်ဘက် ၄ မိုင်ခန့်အကွာသို့ အရောက်၌ ဦးနိုင်လင်းအောင်သည် နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲ၍ မိုင်းစထိမှန် ဒဏ်ရာများ ရရှိခဲ့သည်။ အဆိုပါ မိုင်းထိလူနာအား နယ်မြေခံ တပ်မတော်သားများက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး မိုင်းထိလူနာသည် ဖားကန့်ပြည်သူ့ ဆေးရုံသို့ တက်ရောက်ခဲ့သည်။ (Military)

## တွေ့ဆုံဆွေးနွေးမှု

မေလ ၁၆၊ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ Green Hill ဟိုတယ်၌ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေး ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့၁၀ဖွဲ့တို့ လုံခြုံရေးကဏ္ဍနှင့် ပတ်သက်၍ အလွတ် သဘောတွေ့ဆုံဆွေးနွေးခဲ့သည်။ အလွတ်သဘောတွေ့ဆုံမှုတွင် တပ်မတော် ၊ အစိုးရနှင့် ပထမအကြိမ်၊ ဒုတိယအကြိမ် ဆွေးနွေးခဲ့သည့် လုံခြုံရေး ကဏ္ဍဆိုင်ရာ အချက်အလက်များအား ပြင်ဆင်ခြင်း၊ UPC တွင် လုံခြုံရေးဆိုင်ရာ အစိုးရ၊ တပ်မတော်တို့မှ အဆိုပြုထားချက်အပေါ် သဘောထားများအား ဖလှယ်ခြင်း နှင့် (၈) ကြိမ် မြောက် NCA-S-EAO လုံခြုံရေး ကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေး သဘောထား စုစည်းချက်များ နှင့် ပတ်သတ်၍ ဆွေးနွေးခဲ့သည်။ (TaiFreedom)

မေလ ၁၇ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသိဒ္ဓိ ဗိမာန်ဧည့်ခန်းမဆောင်၌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဌစောမူတူးစေးဖိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့သည်။ တွေ့ဆုံစဉ် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ရှေ့ဆက် ဆောင်ရွက်ရမည့် ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခဲ့ပြီး ကရင်အမျိုးသား အစည်းအရုံး(KNU) ၏ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိသည့် ခေးပူ-လွယ်မူပလော လမ်းကြောင်းပြုပြင်ဆောင်ရွက်နေမှုကို တပ်မတော်မှ ယာယီရပ်ဆိုင်းပေးထားမည်ဖြစ်ပြီး အဆိုပါ ဒေသတွင် နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် အေးချမ်းစွာ နေထိုင်လုပ်ကိုင်နိုင်ပြီး လွတ်လပ်စွာသွားလာလှုပ်ရှားနိုင်ကြောင်း သဘောတူညီမှုရရှိခဲ့သည်။ တွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)တို့တက်ရောက်ကြပြီး ကရင် အမျိုးသားအစည်းအရုံး (KNU) ဥက္ကဌနှင့်အတူ ဒုတိယဥက္ကဌ ပဒို စောကွယ်ထူးဝင်း နှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ (Military) (RFA) (7Day) (Popular) (KIC) (Irrawaddy) (MOI)

## အစည်းအဝေးများ

### NCA EAOs

မေလ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ Khumphucome Hotel တွင်အပစ်ရပ်စာချုပ် (NCA) လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ထိပ်သီးခေါင်းဆောင်များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ၏ ၂၀ ကြိမ်မြောက် အစည်းအဝေး ပြုလုပ်ခဲ့သည်။ PPST ၏ ၂၀ ကြိမ်မြောက် အစည်းအဝေးတွင် PPST အဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး (KNU) မှ - "ကျွန်တော်တို့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေမှာ အောင်မြင်မှု ရသင့် သလောက် မရရှိသေးတာဟာ အစိုးရ ၊ တပ်မတော် နဲ့ EAOs တွေ အကြားမှာ ယေဘုံယျကြည့်ရင် တူသယောင် ယောင်နဲ့ ကွဲပြားမှုရှိတဲ့ ရည်မှန်းချက် ပန်းတိုင်ကိုယ်စီရှိကြလို့ဖြစ်ပြီး ဒါတွေကို ဘုံသဘောဆန်တဲ့ ရည်မှန်းချက်တွေကို ရှာဖွေရမှာဖြစ်တယ်" ဟု အစည်းအဝေးအဖွင့်အမှာစကားတွင် ပြောခဲ့သည်။ (TaiFreedom) (7Day) (MyanmarTime) (NMG)

## ဆန္ဒထုတ်ဖော်မှုများ

မေလ ၂၅ ရက်၊ နေ့လည် (၁)နာရီ၌ ဩစတြေးလျနိုင်ငံ၊ ကန်ဘာရာမြို့ရှိ မြန်မာသံရုံးရှေ့၌ နိုင်ငံတကာ ကရင် အမျိုးသားအဖွဲ့ (IKO) ၏ သဘောထားဆုံးဖြတ်ချက်အရ ဩစတြေးလျ ကရင်အမျိုးသားအဖွဲ့(AKO) မှ စီစဉ်ဆောင်ရွက် သော တပ်မတော်၏ လုပ်ရပ်အပေါ် ဆန့်ကျင်ကန့်ကွက်ဆန္ဒပြပွဲကို ပြုလုပ်ခဲ့ရာ Queensland Senator အပါအဝင် ဩစတြေးလျားနိုင်ငံမှ ကရင်လူမျိုးစုစုပေါင်းလူဦးရေ (၂၄၀)ကျော် ပါဝင်ဆန္ဒပြခဲ့သည်။ ကရင်တိုင်းရင်းသားများနှင့် အတူ ကချင်တိုင်းရင်းသားများလည်း ဆန္ဒပြပွဲတွင် ပါဝင်တောင်းဆိုတိုက်တွန်းခဲ့သည့်အပြင် ဆန္ဒပြကိုယ်စားလှယ် တစ်စုမှ ထိုင်းသံရုံးသို့သွားရောက်ကာ ထိုင်းသံမှူးမှတဆင့် ထိုင်းဘုရင့်ဆီသို့ ဒုက္ခသည်များကို ထိုင်းနိုင်ငံတွင် နှစ်ကြာ မြင့်စွာ လက်ခံပေးထားသည့်အပေါ် ကျေးဇူးတင်ကြောင်းနှင့် လက်ရှိငြိမ်းချမ်းရေး ဖော်ဆောင်နေသော်လည်း တိုက်ပွဲကြောင့် ထွက်ပြေးလာသူ မိသားစုများကို ပြန်မမောင်းထုတ်ဘဲ ဒုက္ခသည်စခန်းတွင် လက်ခံပေးရန်၊ လုံခြုံစိတ်ချမှုမရှိသေးသော အခြေအနေတွင် ဒုက္ခသည်ပြန်ပို့ခြင်းကို အစိုးရနှစ်ဖွဲ့မှ ဖိအားပေးလုပ်ဆောင်ခြင်း မပြုရန် မေတ္တာရပ်ခံစာ ပေးပို့ခဲ့သည်။ (KIC)

## နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သတင်းစာရှင်းလင်းပွဲများ

- **Party**

မေလ ၁၄ရက်နေ့တွင် မော်လမြိုင်မြို့ရှိ သာသနာ ၂၅၀၀ ဘုန်းကြီးကျောင်း၌ ဒုတိယအကြိမ် ပြုလုပ်သည့် မွန်နိုင်ငံရေး ညီလာခံ (Mon Politic Conference)မှ "မွန်အမျိုးသားကိုယ်စားပြုပါတီ"(Mon National Representative Party– MNRP) အမည်ဖြင့် မွန်နိုင်ငံရေးပါတီသစ်ကို ဖွဲ့စည်းခဲ့သည်။ မွန်နိုင်ငံရေး ညီလာခံသို့ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီ ပါတီနှင့် မွန်အမျိုးသားပါတီတို့ ပါဝင်ခဲ့ခြင်း မရှိပါ။ (MyanmarTime)

- **EAOs**

မေလ ၁၄ ရက်နေ့တွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် ပြည်ပအဖွဲ့အစည်းများဖြစ်သည့် Geneva Call, International Labour Organization (ILO), Save the Children အဖွဲ့တို့ RCSS ဌာနချုပ် လွိုင်တိုင်း လျဲန်း၌ တွေ့ဆုံခဲ့သည်။ တွေ့ဆုံမှုတွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ၏ ဒုဥက္ကဋ္ဌ-၁ ဒုတိယ ဗိုလ်ချုပ်ကြီး စိုင်းယီမှ အဖွင့်အမှာစကား ပြောခဲ့ပြီးနောက် Geneva Call, ILO နှင့် Save the Children အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များလည်း မိန့်ခွန်းစကားပြောခဲ့ကာ တွေ့ဆုံဆွေးနွေးပွဲသို့ RCSS ဘက်မှ RCSS ၏ ဒုဥက္ကဋ္ဌ-၁ ဒုတိယဗိုလ်ချုပ်ကြီး စိုင်းယီ ၊ ဌာနဆိုင်ရာ အကြီးအကဲများ နှင့် တာဝန်ရှိသူများ စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့သည်။ (TaiFreedom)

မေလ ၁၅ ရက်နေ့တွင် လွိုင်ကော်မြို့နယ်၌ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အနေဖြင့် NCA တွင် လက်မှတ် ရေးထိုးနိုင်ရေး ဆက်လက်ကြိုးပမ်းမည်ဟူသော သဘောတူညီချက်အပေါ် ဒေသခံများမှ အားပေးကြိုဆိုကြောင်း လူထု ထောက်ခံပွဲကို ပြုလုပ်ခဲ့သည်။ လူထုထောက်ခံပွဲကို လွိုင်ကော်မြို့ ကေ့ထျိုးဘိုးကွင်း၌ ပြုလုပ်ခဲ့ပြီး ကယား ပြည်နယ်ရှိ ခုနစ်မြို့နယ်မှ ဘာသာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များ အပါအဝင် ပြည်သူလူထု နှစ်သောင်း ကျော် တက်ရောက်ခဲ့ကြောင်း ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးသက်နောင်ထွန်းမှ ပြောခဲ့သည်။ (7Day) (Kantarawaddy)

မေလ ၂၈ ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ Khumphucome Hotel တွင် အပစ်ရပ်စာချုပ် (NCA) လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ထိပ်သီးခေါင်းဆောင်များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ၏ ၂၀ ကြိမ်မြောက် အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် တတိယအကြိမ် ၂၁ ရာစု ပင်လုံ ညီလာခံမှာ ပြည်ထောင်စုကနေ လုံးဝခွဲမထွက်ရေး ဆိုသည့် သဘောတူညီချက် စာတမ်းမပါရင် တခြားကိစ္စတွေ ဆက်လက် ဆွေးနွေးဖို့ တပ်မတော်မှ လက်ခံမှာမဟုတ်ဘူးလို့ ပြောဆိုမှုတွေရှိနေသည့်အတွက် ရှေ့ဆက်ညှိနှိုင်းဖို့ အတားအဆီး ဖြစ်နေကြောင်း အပစ်ရပ်လက်မှတ်ရေးထိုးထားသည့် မွန်ပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ နိုင်ဟံသာမှ ပြောခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို အခွင့်အရေးတွေ အများကြီးပေးလိုက်ရင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အားလုံးပစ်ပယ်ပြီး ဖက်ဒရယ်ကို ခွဲထွက်ခွင့်ဆိုတဲ့ ပုံစံအထိ တောင်းဆိုလာမလားဆိုတဲ့ တပ်မတော်ဘက်မှာ စိုးရိမ်စိတ်တွေရှိနေနိုင်တယ်လို့ မွန်ပြည်သစ်ပါတီ ဒု ဥက္ကဋ္ဌ နိုင်ဟံသာမှပြောခဲ့သည်။ (RFA) (TaiFreedom) (BBC)

- **UNA & Their Alliances**

ကယားပြည်နယ် လွိုင်ကော်မြို့တွင် မေလ ၂၆ ရက်မှ စတင် ပြုလုပ်သည့် ငြိမ်းချမ်းရေး လူထုနှီးနှောဖလှယ်ပွဲ (ကရင်နီ ပြည်) အခမ်းအနားတစ်ရပ် ပြုလုပ်ခဲ့သည်။ နှီးနှောဖလှယ်ပွဲကို စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ် အဖွဲ့ UNA နှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း ပြုလုပ်ခြင်းဖြစ်သည်။ (7Day)

- **JMC**

မေလ ၁၅ ရက်နေ့ နေ့လည်ပိုင်းတွင် ရှမ်းပြည် တောင်ပိုင်း ခိုလမ်မြို့ရှိ JMC-S ရုံးခန်း၌ ရှမ်းပြည်နယ် ပစ်ခတ် တိုက် ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) ၏ ၁၅ ကြိမ်မြောက် ပုံမှန် အစည်းအဝေးကို ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် အဓိကအားဖြင့် အခွန်ကောက်ခံခြင်း ၊ တပ်သားသစ်စုဆောင်းခြင်း ၊ အုပ်ချုပ်ရေးပိုင်း ဆိုင်ရာများ နှင့် အထွေထွေ ကိစ္စရပ်များကို အဓိကထားဆွေးနွေးခဲ့ကြပြီး ဆုံးဖြတ်ချက် (၆) ချက်ချမှတ်နိုင်ခဲ့သည်။ အစည်း အဝေးတွင် JMC-S (သျှမ်း) ဥက္ကဋ္ဌ ဗိုလ်ချုပ် သန်းလှိုင် (အစိုးရတပ်မတော်) ၊ JMC-S (သျှမ်း) ဒုတိယဥက္ကဋ္ဌ-၁ ဒုတိယ ဗိုလ်မှူးကြီး စိုင်းဟန် (RCSS) ၊ ဒုတိယ ဥက္ကဋ္ဌ-၂ ခွန်စိုးထွန်းအောင် (အရပ်သားကိုယ်စားလှယ်) တို့မှ အစည်းအဝေး မိန့်ခွန်းစကား ပြောခဲ့သည်။ (TaiFreedom)

မေ ၁၆ ရက် နေ့လည်ပိုင်းတွင် ရှမ်းပြည်နယ် ခိုလမ်မြို့ရှိ ကော်မတီရုံး အစည်းအဝေး ခန်းမ၌ ရှမ်းပြည်နယ် ပစ်ခတ်တိုက် ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S) ၏ (၁၅)ကြိမ်မြောက် အစည်းအဝေးအား ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ ဥက္ကဋ္ဌ အရှေ့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်မှ အဖွင့်အမှာစကား ပြောခဲ့ပြီး ကော်မတီ ဒုတိယ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။ (Military)

မေလ ၁၆ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ခိုလမ်မြို့၌ ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ [JMC-S (ရှမ်း)] ၏ ပုံမှန်အစည်းအဝေးကို ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် JMC-S (ရှမ်း) ဥက္ကဋ္ဌမှ နှုတ် ခွန်းဆက်စကား ပြောခဲ့ပြီး၊ JMC-S (ရှမ်း) ဒုတိယဥက္ကဋ္ဌ (၁)နှင့်JMC-S (ရှမ်း) ဒုတိယဥက္ကဋ္ဌ (၂)တို့မှ နှုတ်ခွန်းဆက် စကားများ အသီးသီးပြောခဲ့သည်။ JMC-S (ရှမ်း) ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးသို့ အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အရပ်သား အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ် (၁၆) ဦး ပါဝင်တက်ရောက်ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့သည်။ (JMC)

မေလ ၁၈ ရက်နေ့တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ဝင်းကံကျေးရွာ ၌ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့် ကြည့်ရေးကော်မတီ [JMC-S (မွန်)] အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူလူထု တွေ့ဆုံကာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းများကို ရှင်းလင်း ပြောခဲ့သည်။ တွေ့ဆုံပွဲသို့ JMC-S (မွန်) ဒုတိယဥက္ကဋ္ဌ (၂) နှင့် အဖွဲ့ဝင်များမှ နှုတ်ခွန်းဆက်စကား ပြောခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ (JMC) ၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ တနိုင်ငံလုံး ပစ်ခတ် တိုက်ခိုက် မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ အကြောင်းအရာများနှင့် လက်ရှိဆောင်ရွက်နေသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ် တို့ကို အသေးစိတ် ရှင်းလင်း ပြောခဲ့သည်။ (JMC)

မေလ ၁၈ ရက်နေ့တွင် ပဲခူးတိုင်း၊ ရွှေကျင်မြို့နယ်ကွမ်းဆိပ်ကျေးရွာ၌ ပဲခူးတိုင်း ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ [JMC-S (ပဲခူး)] အဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူလူထုတို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲတွင် JMC-S (ပဲခူး) ဒုတိယဥက္ကဋ္ဌ (၁) နှင့် အဖွဲ့ဝင်များက နှုတ်ခွန်းဆက်စကား ပြောကြားပြီး၊ JMC-S (ပဲခူး) ဒုတိယဥက္ကဋ္ဌ (၂) မှ ဖာပွန်ဖြစ်စဉ်နှင့် ပတ်သက်၍ တပ်မတော်နှင့် ကရင် အမျိုးသား အစည်းအရုံး (KNU) ခေါင်းဆောင်များ အကြား တွေ့ဆုံ ညှိနှိုင်း၍ နစ်ဖက်တင်းမာမှု အခြေအနေများကို ဖြေရှင်းခဲ့ပုံနှင့် တပ်မဟာ (၅) ဒေသသို့ ကိုယ်တိုင် သွားရောက်ခဲ့ပုံတို့ကို အကျဉ်းချုပ် ရှင်းလင်း ပြောခဲ့သည်။ လူထုတွေ့ဆုံပွဲသို့ ကွမ်းဆိပ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံ ပြည်သူလူထု (၇၀၀) ခန့် တက်ရောက်ခဲ့သည်။ (JMC)

မေလ ၂၂ ရက်နေ့ နံနက် ၉ နာရီမှ နေ့လည် ၁ နာရီအထိ ဒေသအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေး ကော်မတီ (JMC-L) ၏ ၈ ကြိမ်မြောက်အစည်းအဝေးကို ရှမ်းပြည်နယ် တောင်ပိုင်း လင်းခေးမြို့ရှိ JMC-L ရုံး ၌ ပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ အစိုးရနှင့် တပ်မတော် ကိုယ်စားလှယ်များ၊ သျှမ်းပြည် ပြန်လည် ထူထောင်ရေးကောင်စီ RCSS ၏ JMC-L အဖွဲ့ဝင်ကိုယ်စားလှယ်များ၊ ပအိုဝ်း အမျိုးသား လွတ်မြောက်ရေးအဖွဲ့အစည်း PNLO ၏ JMC-L အဖွဲ့ဝင် ကိုယ်စားလှယ်များ နှင့် အရပ်သားကိုယ်စားလှယ်များ စုစုပေါင်း JMC-L ကိုယ်စားလှယ် ၂၀ ဦး တက်ရောက်ခဲ့သည်။ အစည်းအဝေး၌ JMC-L (လင်းခေး) ၏ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြီးကြပ် ကွပ်ကဲနိုင်ရေး အတွက် သင့်လျော်သော ရုံးဝန်ထမ်း (၁) ဦးခန့်အပ်နိုင်ရန် JMC-S (ရှမ်း)သို့ တင်ပြသွားရန် ၊ ၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျတ်ရေးဆွဲခြင်း၊ JMC-S (ရှမ်း) မှ ဦးဆောင် ပြုလုပ်မည့် ဝမ်စလောင်းကျေးရွာ လူထုတွေ့ဆုံပွဲအား JMC-L (လင်းခေး) မှ ပါဝင်ဆောင်ရွက်သွားရန် နှင့် JMC-L (လင်းခေး) ၏ လူထုတွေ့ဆုံပွဲအား ၂၀၁၈ ခုနှစ် မေလ စတုတ္ထပတ်တွင် မောက်မယ်မြို့နယ် ပန်းကန်ကျေးရွာအုပ်စု၊ ဖာစန်းကျေးရွာကျင်းပပြုလုပ်သွားရန်၊ ဇွန်လ ဒုတိယပတ်တွင် လင်းခေး မြို့နယ် နောင်လုံကျေးရွာအုပ်စု၊ နမ့်ထင်ကျေးရွာတွင် ပြုလုပ်သွားရန် အစည်းအဝေး၌ ဆုံးဖြတ်ခဲ့သည်။ ထို့အပြင် နယ်မြေကျူးလွန်မှုများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ် နယ်မြေ အတွင်း သွားလာလျှင် မြေပြင်ဆက်သွယ်မှု ချက်ချင်း ဆောင်ရွက်ရန်၊ မူးယစ် ဆေးဝါး တိုက်ဖျက်ရေး ကိစ္စ၊ အခွန်ကောက်ခံခြင်းကိစ္စ၊ တိုင်ကြားစာ ကိစ္စများလည်း ဆွေးနွေးခဲ့သည်။ (Taifreedom)

မေလ ၂၃ ရက်နေ့တွင် တနင်္သာရီတိုင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ [JMC-S (တနင်္သာရီ)] ၏ ၁၈ ကြိမ်မြောက် ပုံမှန် အစည်းအဝေးအား တနင်္သာရီတိုင်း မြိတ်မြို့၌ ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် ကရင်အမျိုးသားအစည်းအရုံး KNU တပ်မဟာ ၄ နှင့် မြန်မာ့တပ်မတော်တို့ အကြား ညှိနှိုင်းပြေလည်ခဲ့သည့်အပေါ် အားရကြောင်း၊ JMC-L ကို တိုးချဲ့ဖွဲ့စည်းပြီး အစည်းအဝေး ပိုမို လုပ်ဆောင်နိုင်ပါက ပိုမိုကောင်းမွန်မည့်အကြောင်း နှင့် ပြည်သူအား တွေ့ဆုံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်း ရှင်းလင်းသွားမည့် အစီအစဉ်တို့အား ပြောဆို ဆွေးနွေးခဲ့သည်။ JMC-S (တနင်္သာရီ) ၏ (၁၈) ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ စုစုပေါင်း (၁၃) ဦး ပါဝင်တက်ရောက်ခဲ့သည်။ (JMC)

မေလ ၂၄ ရက်နေ့တွင် မွန်ပြည်နယ်၊ ရေးမြို့နယ် ဒုံဇီ ကျေးရွာအုပ်စု၊ စံပြ ကျေးရွာသို့ မွန်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့် ကြည့်ရေးကော်မတီ [JMC-S (မွန်)] အဖွဲ့ဝင်များသွားရောက်၍ ဒေသခံ ပြည်သူလူထုနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ JMC-S (မွန်) အဖွဲ့ဝင်များ၊ ရေးမြို့နယ်ရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နယ်မြေခံ တပ်ဖွဲ့ ဝင်များ၊ နည်းပညာအထောက်အကူပြုရုံး ဝန်ထမ်းများ၊ စံပြ ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံ ပြည်သူလူထု စုစုပေါင်း (၄၅၀) ခန့် တက်ရောက်ခဲ့သည်။ (JMC)

မေလ ၂၄ ရက်နေ့တွင် တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်၊ ပပြင်ကျေးရွာသို့ တနင်္သာရီတိုင်း ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S (တနင်္သာရီ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ သွားရောက်၍ ဒေသခံ ပြည်သူလူထုနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲတွင် JMC-S (တနင်္သာရီ) ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းမင်းထွန်းက အဖွင့်အမှာစကား ပြောခဲ့ပြီး JMC-S (တနင်္သာရီ) ဒုတိယဥက္ကဋ္ဌ (၁) ပဒိုဘီးလယ်နှင့် အဖွဲ့ဝင်များမှ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ပါ အကြောင်းအရာ၊ လုပ်ငန်းစဉ်တို့ကို ရှင်းလင်းပြောခဲ့သည်။ လူထုတွေ့ဆုံပွဲသို့ ပပြင်ကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူ လူထု စုစုပေါင်း (၅၀၀) ကျော်တက်ရောက်ခဲ့သည်။ (JMC)

မေလ ၂၄ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘုရားသုံးဆူမြို့သို့ ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ [JMC-S (ကရင်)] အဖွဲ့ဝင်များသွားရောက်၍ ဒေသခံ ပြည်သူလူထုနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲ တွင် JMC-S (ကရင်) ဒုတိယဥက္ကဋ္ဌ (၁) နှင့် အဖွဲ့ဝင်များမှ တစ်ဦးချင်းစီ မိတ်ဆက်ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းများကို ပြည်သူလူထုမှ ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်စေရန်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်လာနိုင်စေရန်အတွက် ဘုရားသုံးဆူသို့ လာရောက်ရခြင်း ဖြစ်ကြောင်း ရှင်းလင်း ပြောခဲ့သည်။ လူထုတွေ့ဆုံပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံ ပြည်သူလူထု စုစုပေါင်း (၃၅၀) ဦးခန့် ပါဝင်တက်ရောက်ခဲ့ပြီး အမျိုးသား (၆၀) ရာခိုင်နှုန်းနှင့် အမျိုးသမီး (၄၀) ရာခိုင်နှုန်း ဖြစ်သည်။ (JMC)

## ထုတ်ပြန်ချက်

မေလ ၁၄ ရက်နေ့တွင် ကရင်အမျိုးသားအစည်းအရုံး (KNU) လက်အောက်ခံ လက်နက်ကိုင်တပ်ဖွဲ့ KNLA တပ်မဟာ(၅) မှ ကြေငြာချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး၊ ကြေငြာချက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် NCA စာချုပ်ကို ပေါ့ပေါ့တန်တန် သဘောထားပြီး နိုင်ငံရေးကစားကွက်တစ်ခုအဖြစ် သဘောထားပါက ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ရရှိနိုင်တော့မည် မဟုတ်ဘဲ နိုင်ငံကို ရေရှည်ဒုက္ခပေးနေသည့် ပြည်တွင်းစစ်သို့ ပြန်လည် ဦးတည်သွားနိုင်ကြောင်း ကြေငြာချက်တွင် ဖော်ပြခဲ့သည်။ (7Day)

မေလ ၁၄ ရက်၌ ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်တွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများ အမြန်ဆုံးရပ်တန့်ပေးရန် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ထို့အတူ အမေရိကန်သံရုံးမှလည်း ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်တွင် ဖြစ်ပေါ်ခဲ့သည့် စစ်ရေး ပဋိပက္ခအတွင်း သေကြေ ဒဏ်ရာရရှိသူများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်းနှင့် အရပ်သားများ အကာအကွယ်ပေးရာ တွင် ထပ်မံ သေဆုံးမှုများမဖြစ်ပေါ်စေရေး လူသားချင်း စာနာမှု အကူအညီများ ရောက်ရှိနိုင်ရေးအတွက် ခွင့်ပြုပေးရန် တောင်းဆိုကြောင်း ထုတ်ပြန်ခဲ့သည်။ (HninThar)

မေလ ၁၂ ရက်နေ့တွင် တာမွေအပိုင်း၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြိုခွင်းမှုဖြစ်စဉ်အတွင်း သတင်းမီဒီယာများ တိုက်ခိုက်ခံရမှုနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ မေလ (၁၈)ရက် ရက်စွဲဖြင့် သဘောထား ကြေညာချက် တစ်စောင်ထုတ်ပြန်ခဲ့သည်။ (TheLadies)

မိုးကုတ်မြို့က လီဆူ လူမျိုး မိသားစု ၄ ဦး သတ်ဖြတ်ခံရမှုနှင့် ပတ်သတ်ပြီး အမှုအမှန်ဖော်ထုတ်ပေးရန် လီဆူ အဖွဲ့အစည်းများမှ မေလ ၂၁ နေ့ ရက်စွဲဖြင့် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ (MyitKyiNaNews)

၂၀၁၇ ဩဂုတ်လ ၂၅ ရက်နေ့တွင် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ လုံခြုံရေး စခန်းအား ဝင်ရောက် တိုက်ခိုက်ခြင်းနှင့် ခမောင်းဆိပ်ကျေးရွာမှ ဟိန္ဒူအမျိုးသား၊ အမျိုးသမီး၊ ကလေး ၆၉ ဦး ဖမ်းဆီး သတ်ဖြတ်ခဲ့ခြင်း၊ မြို့သူကြီး ကျေးရွာရှိ အမျိုးသား ၁ ဦး၊ အမျိုးသမီး ၂ ဦး၊ ကလေး သုံးဦးတို့အား သတ်ဖြတ်ခဲ့ခြင်း၊ ရဲဘော်ကျ ကျေးရွာမှ အမျိုးသား အမျိုးသမီး ကလေး စုစုပေါင်း ၄၆ ဦးကို ဖမ်းဆီးသွားခဲ့သော သူများ မှာ ARSA ဖြစ်သည်ဟု နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် (Amnestry International) အဖွဲ့မှ မေလ ၂၃ ရက်နေ့ ရက်စွဲဖြင့် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ (AI_Report) (AI) (Irrawaddy) (TheGuradian) (TheLadies)

မေလ ၂၅ ရက် နေ့တွင် မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) အနေဖြင့် ရက္ခိုင့် တပ်မတော် (ULA/AA) မှ ဖမ်းဆီးထိန်းသိမ်းခြင်း ခံထားရသည့် မြန်မာ့တပ်မတော်သားသုံးဦးကို ပြန်လည် လွှဲပြောင်းနိုင်ရေးအတွက် ICRC အနေဖြင့် ကြားဝင်ဆွေးနွေး ကူညီပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ ICRC အကြီးအကဲ Fabrizio Carboni မှ ICRC အနေဖြင့် အကျဉ်းသား၊ သုံ့ပန်း လွှဲပြောင်းခြင်းများကို ကမ္ဘာတစ်ဝှမ်းတွင် အဆင်ပြေချောမွေ့စွာ ကူညီ လုပ်ဆောင်ပေးနေခြင်းများ ရှိကြောင်း၊"လွှဲပြောင်းရေးလုပ်ငန်းစဉ် ပတ်သက်ပြီး ထောက်ပံ့ပေးကူညီ ဖြည့်ဆည်းပေးဖို့ အစဉ်အမြဲ အဆင်သင့် ရှိနေပါတယ်။ အခုကိစ္စမှာရော နောင်အနာဂတ်မှာ ရောပါပဲ" ဟုပြောခဲ့သည်။ (TheLadies) (RFA) (Irrawaddy)

ဖမ်းဆီးခံထားရသည့် ရိုက်တာသတင်းထောက်နှစ်ဦးဖြစ်သူ ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့အား အမေရိကန်နိုင်ငံတွင် ပြုလုပ်ခဲ့သည့် အခမ်းအနား၌ PEN America 2018 Barbey Freedom to Write Award ဆုကို ပေးအပ်ခဲ့ပြီး စာပေနယ်မှ အထင်ရှားဆုံး ပုဂ္ဂိုလ်အချို့မှလည်း ဂုဏ်ပြုခဲ့သည်။ ဆုပေးသည့် အခမ်းအနားတွင် ကမ္ဘာကျော်ဝတ္ထုရေး ဆရာမာဂရက်အက်တ်ဝုဒ်မှ ကိုဝလုံးနှင့်ကိုကျော်စိုးဦးတို့ကိုယ်စား ကြေညာချက်တစ်ခုကို ဖတ်ခဲ့သည်။ "ကျွန်တော် တို့ရဲ့ မိသားစု၊ မိတ်ဆွေတွေနဲ့ ကျွန်တော်တို့ရဲ့ သတင်းခန်းကို ကျွန်တော်တို့ အရမ်းပဲ လွမ်းနေပါတယ်။ ခင်ဗျားတို့ရဲ့ အားပေးမှုက ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်တွေကို ခိုင်မာစေပါတယ်" ဟု ကြေညာချက်တွင် ပါရှိသည်။ (Mizzima)

နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှု အဆင့်ဆင့်တွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို အလေးပေးဆောင်ရွက်ရန်တိုင်းရင်းသား ပါတီ ၁၅ ခု ပါဝင်ဖွဲ့စည်းထားသည့် စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ် အဖွဲ့ (UNA) မှ မေလ ၂၇ ရက်၌ သဘောထား ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ အမျိုးသား တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဒီမိုကရေ စီရေးတို့ကို အာမခံသည့် ဖက်ဒရယ်ပြည်ထောင်စုကို ပွင့်လင်း မြင်သာမှု၊ တန်းတူညီမျှမှု၊ တရား မျှတမှု စံနှုန်းများဖြင့် အခြေပြု ဖော်ဆောင်ရန်နှင့် ပြဿနာများ ဖြေရှင်းရာတွင် စစ်ရေးနည်းလမ်း အသုံးမပြုဘဲ နိုင်ငံရေး နည်းလမ်း ဖြင့်သာ ဖြေရှင်းရန် UNA ၏ သဘောထားကြေညာချက်တွင် ဖော်ပြခဲ့သည်။ (7Day)

## သဘောထားမှတ်ချက်

ဝ ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) အပါအဝင် မြောက်ပိုင်းမဟာ မိတ်အဖွဲ့အား NCA စာချုပ်တွင် လက်မှတ်ရေးထိုးရန် တရုတ်နိုင်ငံမှ တိုက်တွန်းမှုများ ပြုလုပ်ကြောင်း ဝ အဖွဲ့၏ လားရှိုးမြို့ ဆက်ဆံရေးရုံး ဒုတိယတာဝန်ခံ ဦးညီရမ်းမှ The Ladies News သို့ ပြောခဲ့သည်။ "သူတို့ရဲ့သဘောထားကတော့ ထိုးစေချင်တယ် တယ်ပေါ့နော်။ ညှိညှိနိုင်းနိုင်းနဲ့ လုပ်ကြပြီးမှ ထိုးဖို့တော့ တရုတ်အနေနဲ့တော့ ဖြစ်စေခြင်တာပေါ့နော်။ ကြားဝင်စေ့စပ်မှုတွေ လုပ်နေတယ်ဆိုတာ အားလုံးကလည်း တွေ့နေပြီးသားပဲလေ။ ဘာကြောင့်လဲဆိုတော့ နယ်စပ်ဒေသ တည်ငြိမ်မှ သူ့နိုင်ငံကလည်း တည်ငြိမ်မှာကို။ နယ်စပ်ဒေသ မတည်ငြိမ်သေးသ၍ ကတော့ ဖြစ်ပေါ်လာ တဲ့ နောက်ဆက်တွဲ ဒုက္ခသည်တွေကလည်း တရုတ်ကပဲ ခေါင်းကိုက် နေရတယ်ဆိုတာ အားလုံးသိနေတာကို " ဟု ဦးညီရမ်းမှ ပြောခဲ့သည်။ (TheLadies) (TheLadies) (MyanmarTime) (Popular)

မြန်မာနိုင်ငံအတွင်းရှိ ဒေသအသီးသီးမှ စစ်ပွဲများရပ်ရေးနှင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ရာ၌ ပါဝင်သူများအား ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်းများကို ပြုလုပ်လျက်ရှိနေသောကြောင့် အစိုးရနှင့် တပ်မတော်၏ အကြမ်းဖက်ဖိနှိပ်မှု လုပ်ရပ်များကို လုံးဝရှုတ်ချကြောင်း ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ရက် (KPSN )မှ မေလ ၁၇ ရက်နေ့ ရက်စွဲဖြင့် သဘောထား ထုတ်ပြန်ခဲ့သည်။  (KIC)

မြောက်ပိုင်း မဟာမိတ် အဖွဲ့ (NAB) ၏ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးရေး ကော်မတီ (FPNCC) အဖွဲ့ဝင် ခေါင်းဆောင် များကို မေလ ၁၈ ရက်၌ တရုတ်နိုင်ငံ ကူမင်းမြို့၌ တရုတ်နိုင်ငံဘက်မှတွေ့ဆုံ ဆွေးနွေးရန် ဖိတ်ခေါ်ထားသည်ဟု FPNCC အဖွဲ့ဝင် တချို့မှ ပြောခဲ့သည်။ FPNCC အဖွဲ့ဝင် ခေါင်းဆောင်တဦးမှ တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အာရှရေးရာ အထူးသံတမန် မစ္စတာဆွန်ကော့ရှန်မှ ဖိတ်ကြား ခြင်း ဖြစ်ကြောင်း ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ပြောဆိုနိုင်ကြောင်း တွေ့ဆုံ ဆွေးနွေးမည့် အကြောင်း အရာကို အတိအကျ မသိရှိ ဟု ပြောခဲ့သည်။ (Irrawaddy)

မေလ ၁၇ ရက် နံနက်ပိုင်းတွင်  "ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပန်ဆန်းမြို့၌  FPNCC  အဖွဲ့ဝင်ဖြစ်သည့် တအန်း အမျိုးသား လွတ်မြောက်ရေးတပ်မတော် TNLA မှ ဆက်ဆံရေးရုံး ဖွင့်လှစ်လိုက်ကြောင်း TNLA ပြန်ကြားရေးမှူး ဗိုလ်မှူး အိုက်ကျော်မှပြောခဲ့သည်။ "အဓိက ရည်ရွယ်ချက်က ကျွန် တော်တို့ FPNCC အဖွဲ့ဝင်ဖြစ်တယ်။ FPNCC ရဲ့ လုပ်ငန်းစဉ်တွေကို အလွယ်တကူလုပ်ဆောင်နိုင်ဖို့ ရည်ရွယ် ဖွင့်လှစ်တာဖြစ်တယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဒီဘက်မှာနယ်မြေလုံခြုံမှု မရှိသေးဘူး။ တိုက်ပွဲတွေကဖြစ်နေတယ်။ အဲဒီကို အလုပ်သွားလုပ်တာတွေ ဆက်သွယ်တာတွေ အခက်အခဲရှိတယ်။ FPNCC ကလည်း သူ့ကော်မတီအလိုက် အစည်း အဝေးတွေရှိလို့ ဖွင့်လိုက်တာဖြစ်တယ်" ဟု ဗိုလ်မှူးအိုက်ကျော်မှပြောခဲ့သည်။ (NMG) (MarnagarNew) (TNLA)

ညီညွတ်သော တိုင်းရင်းသား လူမျိုးများကောင်စီ (UNFC) ၏ အရေးပေါ်ညီလာခံကို ဇူလိုင်လအတွင်း ပြုလုပ်ရန် ရှိသည်ဟု UNFC မှ ပြောခွင့်ရပုဂ္ဂိုလ် ဦးထွန်းဇော်မှ ပြောခဲ့သည်။ ဇူလိုင်လတွင် ပြုလုပ်မည့် ညီလာခံသည် UNFC ၏ တတိယသက်တမ်းအတွင်း ပြုလုပ်သည့် အရေးပေါ် ညီလာခံမျိုး ဖြစ်ပြီး  ၎င်းညီလာခံအတွင်း မဟာဗျူဟာ အထွေထွေလုပ်ငန်းစဉ်ကို ဆွေးနွေးမည်ဟု ဦးထွန်းဇော် မှပြောခဲ့သည်။ (NMG)

တနိုင်းမြို့အတွင်းရှိ ခရစ်ယာန် ဘာသာ ဘုရားကျောင်းများဖြစ်သည် RC ၊ KBC ၊ COC နှင့် AG အသင်းတော်များ၏ စီမံခန့်ခွဲမှု အစီအစဉ်များဖြင့်သာ စစ်ပြေးဒုက္ခသည်များ နေထိုင်ရှင်သန်နေရ သဖြင့် အသင်းတော်များ အခက်အခဲများစွာကြုံတွေ့နေရသောကြောင့် တနိုင်းလွှတ်တော် ကိုယ်စား လှယ် ဦးလင်းလင်းဦး မှ စစ်ရှောင်စခန်းများ ဖွင့်ပေးရေး အစိုးရမှ အမြန်ဆုံး တာဝန်ယူ ဆောင်ရွက်ပေး ရန် အတွက် နိုင်ငံတော်သမ္မတထံသို့ မေလ ၂၂ ရက်နေ့တွင် တင်ပြခဲ့သည်။ (KIC)

မေလ ၂၂ ရက်နေ့တွင် ဗြိတိန်ပါလီမန် နိုင်ငံတကာ ဖွံ့ဖြိုးရေးဆိုင်ရာ စီစစ်ကော်မတီနှင့် လွှတ်တော် အမတ်တွေက ဗြိတိန်အစိုးရအား မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) သို့ အမှုဖွင့် စွဲချက်တင်ရေး ကြိုးပမ်းချက်များအား ထောက်ခံသင့်ကြောင်း နှင့် ဗြိတိန်မှ မြန်မာ အစိုးရအား ၂၀၁၈ ခုနှစ်အတွက် ပေါင်စတာလင် သန်း ၁၀၀ ထောက်ပံ့ရန် အစီအစဉ်ရှိမှုနှင့် အခြားသော အကူ အညီများကိုလည်း ပြန်လည် စဉ်းစားသင့်ကြောင်းတို့ကို တိုက်တွန်း ပြောဆိုခဲ့သည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်သည် ပြဿနာရဲ့ တစိတ်တပိုင်းဖြစ်နေပြီး၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ အား လက်မခံဘဲ တရားမျှတရေးနှင့် တာဝန်ခံမှု ရှိရေးတို့ အတွက် အနှောင့်အယှက် ဖြစ်လာနိုင်သည် ဟုလည်း ပြောဆိုခဲ့သည်။ (RFA) (TheGuardian)

မေလ ၁၂ ရက်နေ့တွင် မူဆယ်မြို့နယ်၌ ဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း အရပ်သား တဦး ပြည်သူ့စစ် ၃ ဦး အပါအဝင် အရပ်သား ၁၅ ဦး သေဆုံးခဲ့ပြီး သေဆုံးခဲ့သည့် အထဲတွင် တရုတ်နိုင်ငံသား ၃ ဦး ပါဝင်ခဲ့သည်။ အဆိုပါ တိုက်ပွဲကြောင့် တရုတ်နိုင်ငံအတွင်းသို့ လက်နက်ကြီး ကျည်များကျရောက်ခဲ့သည့် အချက်များအပေါ် တရုတ်ကာကွယ်ရေးဝန်ကြီးဌာနမှ နယ်စပ်တိုက်ပွဲများ ရပ်တန့်စေရန် တိုက်တွန်း ကြောင်း ရိုက်တာ သတင်းဌာနမှ မေလ ၁၉ ရက်နေ့ ရက်စွဲဖြင့် ဖော်ပြခဲ့သည်။ (Irrawaddy) (Reuter)

မတ်လ ၁၀ ရက်မှ စတင်၍ ဖြစ်ပွားခဲ့သည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) နှင့် တအန်း အမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA ) တို့ တိုက်ပွဲကြောင့် ပျက်စီးဆုံးရှုံးသွားသည့် နေအိမ်များအား TNLA ဘက်မှ ပြန်လည်ထူထောင်ရေးပြုလုပ်ပေးမည်ဟု သတင်းနှင့် ပြန်ကြား ရေးမှူး ဗိုလ်မှူးအိုက်ကျော်မှ မေလ ၁၉ရက်နေ့တွင် ပြောခဲ့သည်။ (Marganar)

မေလ ၂၃ ရက်၊ နေ့လည် ၁ နာရီတွင် နေပြည်တော် ပြန်ကြားရေး ဝန်ကြီးဌာန၌ ပြုလုပ်သည့် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ် တာ ကာလ အတွင်းဝန်ကြီးဌာနများ၏ ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်းသည့် သတင်းစာ ရှင်းလင်းပွဲတွင် သတင်းမီဒီယာများ၏ မေးမြန်းမှုနှင့် စပ်လျဉ်းပြီး နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးဇော်ဌေးမှ ရခိုင်ပြည်နယ် မောင်တောဒေသ ပဋိပက္ခဖြစ်စဉ်များနှင့် ပတ်သက်၍ ICC အဖွဲ့ဝင် မဟုတ်သည့် မြန်မာနိုင်ငံအား အရေးယူမှုများ ပြုလုပ်ရန် ဆောင်ရွက်လာပါက လက်ခံမည် မဟုတ်ကြောင်း နှင့် ICC သို့ ဖိအားပေး ပို့ဆောင်ရန် ကြိုးစားမှုသည် အချုပ်အခြာ အာဏာအား ထိပါးသော ကိစ္စဖြစ်သည်ဟု ပြောခဲ့သည်။ (TheLadies) (RFA)

ရခိုင်ပြည်နယ်အတွင်းရှိ ဟိန္ဒူဘာသာဝင်အမြောက်အမြားအား ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့မှ သတ်ဖြတ်ခဲ့ ကြောင်းနိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ထုတ်ပြန်သည့်အစီရင်ခံစာကို လူအများမှ အယုံအကြည်မရှိကြောင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးမှပြောခဲ့သည်။ "အဲဒီ အစီရင်ခံစာဟာ ဘင်္ဂါလီတွေကိုမြန်မာနိုင်ငံ ပြန်ပို့ဖို့ကိစ္စရပ်တွေ ဆွေးနွေးနေတဲ့အပေါ် အကျိုးသက်ရောက်မှုရှိမယ်လို့ ကျွန်တော်မထင်ပါဘူး။ အဲဒီအစီရင်ခံစာဟာ ယုတ္တိလဲမတန်သလို ဘယ်သူကမှလဲ မယုံကြပါဘူး"ဟု ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာမွတ်အလီမှ ဒက္ကာမြို့တွင်ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတစ်ခုတွင် ပြောခဲ့သည်။ (Popular) (Dakhatribune)

မေလ၂၄ ရက်နေ့တွင် ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် မေလ ၁၂ ရက်နေ့က တာမွေမြို့နယ်၌ ငြိမ်းချမ်းရေးအတွက် ဆန္ဒထုတ်ဖော်နေကြသူများကို အရပ်ဝတ်များနှင့်အတူ ရဲတပ်ဖွဲ့မှ ဖြိုခွင်းခြင်း၊ ကျောက်တန်းမြို့နယ်၊ သီလဝါရွာဟောင်းတွင် မြေယာပြဿနာအပေါ် အကြမ်းဖက်ဖြိုခွဲခြင်း စသည့် ဖြစ်ရပ်များနှင့်ပတ်သက်ပြီး လွှတ်တော် ကိုယ်စားလှယ်တချို့မှ ဆွေးနွေးခဲ့သည်။ "တာမွေမြို့နယ်မှာ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ပြီး အေးချမ်းစွာ လူစုခွဲနေ တဲ့သူတွေကို ရဲတပ်ဖွဲ့နဲ့ အမျိုးသားရေး အမည်ခံလူများက အကြမ်းဖက် ရိုက်နှက်ဖြိုခွဲခဲ့တယ်။ မီဒီယာတွေ ရှေ့မှောက်မှာ တောင် ပြောင်ပြောင် တင်းတင်း လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်ပေါ်ခဲ့တာကို ကြည့်ရင် ပညာပေးလုပ်ငန်းများ၊ ကွင်းဆင်း လေ့လာခြင်းများနဲ့ တိုင်ကြားစာရရှိမှု ယခင်ထက် တိုးတက်လာတယ်လို့ အစီရင်ခံစာမှာ ပါသော်လည်း ကာကွယ်တား ဆီးရေးရလဒ်မှာ များစွာလိုအပ်နေသေးကြောင်း သိသာထင်ရှားစေပါတယ်" ဟုရန်ကုန်တိုင်း ကျောက်တန်း မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးမှ ဆွေးနွေးခဲ့သည်။ (MyanmarNow)

မြန်မာ –ဘင်္ဂလားဒေ့ရှ်နယ်စပ် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်း မေလ ၂၀ရက်တွင် ဖြစ်ပွားသည့်တိုက်ပွဲအတွင်း ဘူးသီးတောင် အခြေစိုက်တပ်မတော် ခြေလျင်တပ်ရင်း ခလရ-၂၆၃ ထံမှ တပ်မတော်သား ၃ ဦးကို ရက္ခိုင့်တပ်မ တော် (AA) မှ စစ်သုံ့ပန်း အဖြစ်ဖမ်းဆီးထားသည်ဟု AA ၏သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဦးခိုင်သုခမှပြောခဲ့သည်။ "သူတို့ကို ကျနော်တို့ စည်းကမ်းအတိုင်း ကောင်းကောင်း မွန်မွန်ထိန်းသိမ်း ထားပါတယ်" ဟု ဦးခိုင်သုခမှပြောခဲ့သည်။ (Irrawaddy) (BBC) (NAB)

မေလ ၂၇၊ ၂၈ ရက်နေ့တွင် ပြုလုပ်မည့် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးတွင် ၂၁-ပင်လုံ ရက်သတ်မှတ်ရေးကိစ္စ နှင့် ၂၁-ပင်လုံတွင် ဆွေးနွေးမည့် အကြောင်းအရာများကို ဆွေးနွေးပြီး ရရှိလာသည့် ရလဒ်များကို မေလ ၃၀ ရက်နေ့၌ အစိုးရနှင့် အလွတ်သဘော တွေ့ဆုံ သည့်အခါ ဆွေးနွေးမည်ဟု ဗိုလ်မှူးကြီးခွန်ဥက္ကာမှပြောခဲ့သည်။ (TheLadies) (RFA)

မြန်မာ - ဘင်္ဂလားဒေ့ရှ် နယ်စပ်အနီး မေလ ၂၀ ရက်တွင် ဘူးသီးတောင်မြို့နယ်ထဲဖြစ်ပွားခဲ့သည့်တိုက်ပွဲတွင် ရက္ခိုင့်တပ်မတော် (AA) မှဖမ်းဆီးရမိခဲ့သော တပ်မတော်သား ၃ ဦးကို အစိုးရထံပြန်လွှဲပြောင်းရန်မှာ စဉ်းစား နေဆဲသာ ရှိသေးကြောင်း AA အဖွဲ့မှပြန်ကြားရေးတာဝန်ခံ ဦးခိုင်သုခမှ ပြောခဲ့သည်။ (Mizzima) (VOA)

မွန်ပြည်နယ် ရေးမြို့နယ်မှ အရပ်သားတစ်ဦးကို သေနတ်ဖြင့်ပစ်သတ်ခဲ့သည့် တပ်မတော်မှအရာရှိတစ်ဦးကို တပ်မတော် မှ အရေးယူသွားမည်ဟု ကြားသိရကြောင်း ရေးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဖြစ်သူ ဒေါက်တာအောင်ထွန်း ခိုင်မှ ပြောခဲ့သည်။ " သူတို့စစ်ဆေးနေတယ်ဆိုတာပဲ သိပါတယ်ခင်ဗျ။ တပ်က အရေးယူမယ်လို့တော့သိပါတယ်။ သူတို့ ခေါ်သွားတာပဲ ရဲစခန်းကို၊ ရဲစခန်းကနေပြီးတော့ စစ်ဌာနချုပ်ပေါ့။ ရဲကနေခေါ်ထုတ်သွားတာတော့ အကြမ်း ဖျဉ်းတော့ ရိပ်မိတယ် " ဟု ဒေါက်တာအောင်ထွန်းခိုင်မှ ပြောခဲ့သည်။ (Mizzima)

တနင်္သာရီတိုင်း ထားဝယ်မြို့နယ်၊ ဘန်းချောင်း ကျောက်မီးသွေးစီမံကိန်းလုပ်ကွက်ကို ကရင်အမျိုးသား အစည်းအရုံး KNU ဗဟိုသတ္တုတွင်းဌာနမှ သက်တမ်းထပ်တိုးပေးတော့မှာ မဟုတ်ကြောင်း စီမံကိန်းကို ကန့်ကွက်နေသည့် အရပ်ဖက် အဖွဲ့အစည်းတွေထံ စာပေးပို့ခဲ့သည်။ စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံတွေကို ဆိုးကျိုးဖြစ်စေ တာကြောင့် သက်တမ်းထပ်မတိုးပေးတော့တာ ဖြစ်သည်ဟု KNU ၏ အကြောင်းကြားစာထဲမှာပါရှိကြောင်း တာက ပေါအဖွဲ့မှ နော်ပီသလော ကပြောခဲ့သည်။ (RFA)

## တိုင်းရင်းသားပါတီများ

မေလ ၁၄ ရက်နေ့တွင် မြစ်ကြီးနား မနောကွင်း၌ ကချင်ဒီမိုကရက်တစ်ပါတီ (KDP)၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီ (KSDP) နှင့် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ (UDPKS) မနောတိုင်ပါတီ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခဲ့ပြီး ပါတီ (၃) ပါတီစုပေါင်း၍ Kachin State People's Party (KSPP) အဖြစ် သဘောတူ လက်မှတ်ထိုး အတည်ပြုခဲ့သည်။ "လူထုက မွေးဖွားလာတဲ့ ပါတီဖြစ်တဲ့အတွက် ကချင်လူထု ပါတီ နာမည်ကို ကန့်ကွက်တူ မရှိအားလုံး သဘောတူပြီး "Kachin State People's Party" ကို ရွေးခြင်း ဖြစ်တယ်။"ဟု KSDP ပါတီ ဥက္ကဋ္ဌဒေါက်တာ တူးဂျာမှပြောခဲ့သည်။ (Kachinnews)

မွန်အမျိုးသားကိုယ်စားပြုပါတီကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထံ မေလကုန်ပိုင်းတွင် တရားဝင်မှတ်ပုံတင်ရန် ကြိုးပမ်းမည်ဟု ပါတီတည်ထောင်ရေးကော်မတီ (၂၁) ဦးအဖွဲ့ခေါင်းဆောင် နိုင်တလညီမှ ပြောခဲ့သည်။ နိုင်တလညီမှ "ညီလာခံကနေ ဆုံးဖြတ်ထားတဲ့ ပါတီတည်ထောင်ရေးကော်မတီ (၂၁) ဦးကိုလည်း ဖွဲ့ပြီးပြီ၊ ကော်မတီရဲ့ အစည်းအဝေး ကတော့ ဒီရက်အတောအတွင်းမှာလုပ်မယ်၊ ကျွန်တော့်အနေနဲ့ ဖြစ်နိုင်မယ်ဆိုရင် မေလကုန် လောက် တင်နိုင်ဖို့ ကြိုးစားသွားမယ်"ဟု ပြောခဲ့သည်။ ( MonNew)

တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များနှင့် မြန်မာ့တပ်မတော်တို့အကြား တိုက်ပွဲတွေ ဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး NCA အပစ်ရပ် အဖွဲ့တွေရဲ့ ခေါင်းဆောင်တချို့က ဘယ်လို ပြောဆိုခဲ့သည်များကို ဖော်ပြပါ လင့်ခ်တွင် အသေးစိတ် ဖတ်နိုင်ပါသည်။ (NMG)

## အခြား

ကိုးကန့်နှင့် ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တရားရုံး နှစ်ရုံးကို ၂၀၁၇ခုနှစ် အတွင်း ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း ပြည်ထောင် စုတရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးမှ ပြောခဲ့သည်။ "လောက်ကိုင်ခရိုင်တရားရုံး ကိုတော့ ကိုးကန့်ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသတရားရုံးအဖြစ် ပြောင်းပေးလိုက်တာ။ ဓနုကိုယ် ပိုင်အုပ်ချုပ်ခွင့်ရ တရားရုံးကို လည်း စီရင်ပိုင်ခွင့်အပ်နှင်းမှုတွေ ပြုလုပ်ခဲ့ပါတယ်"ဟု ဒေါ်တင်နွယ်စိုးမှပြောခဲ့သည်။ (7Day)

မေလ ၁၆ ရက်နေ့တွင် ရန်ကုန် မြောက်ပိုင်းခရိုင်တရားရုံး၌ နိုင်ငံတော် လျှို့ဝှက်ချက်အက်ဥပဒေဖြင့် ဖမ်းဆီးခံထားရသည့် Reuters သတင်းထောက်နှစ်ဦးအားရုံးထုတ်ခဲ့သည်။ ရုံးထုတ်တွင် မောင်တောမြို့နယ်၌ လုံခြုံရေးတာဝန် ထမ်းဆောင်ခဲ့သူတဦးဖြစ်သည့် တရားလိုပြသက်သေ ဒုတပ်ကြပ်နိုင်လင်းအား စစ်ဆေးရာတွင် Reuters သတင်းထောက် နှစ်ဦးနှင့် အခင်းဖြစ်ပွားရာ ညကတွေ့ဆုံခဲ့ရာ ၎င်းအနေဖြင့် မည်သည့် စာရွက်စာတမ်းကိုမျှ ပေးခဲ့ခြင်း မရှိဟု တရားခွင်၌ ထွက်ဆိုခဲ့သည်။ ဖမ်းဆီးခံ သတင်းထောက် ကိုကျော်စိုးဦးမှ "ဖြစ်စဉ်တွေအပေါ်မှာ စာရွက်စာတမ်း တွေပေးတာ ဒုတပ်ကြပ်နိုင်လင်းကပဲ ပေးတာပါ၊ အခုကျတော့ သူကပဲ အဲ့ဒီ စာရွက်စာတမ်းတွေ မပေးဘူးဆိုပြီး ရုံး တော်မှာ လိမ်လည်ထွက်ဆိုသွားတာ တွေ့ရပါတယ်" ဟု ပြောခဲ့သည်။ (Irrawaddy) (TheLadies)

မေလ ၁၆ ရက်နေ့ ညတွင် မူဆယ်မြို့နယ်တွင် မေလ ၁၂ ရက် နံနက်တွင် ဖြစ်ပွားသည့် တအန်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) ၏ တိုက်ခိုက်မှုအတွင်း ဒဏ်ရာရသူများအနက် အသက် (၅၂)နှစ်အရွယ် အမျိုးသား တစ်ဦးထပ်မံ သေဆုံးခဲ့သည် ဟု မူဆယ်မြို့မရဲစခန်းမှူး ဒုတိယရဲမှူးအေးမြင့်မှ ပြောခဲ့သည်။"အခုသေဆုံးသူက ၁၂ ရက် နေ့ ပစ်ခတ်မှုမှာ ဦးခေါင်းမှာသေ နတ်ကျည်ဒဏ်ရာရတာ။ တရုတ်ဘက်က ရွှေလီနဲ့ မန်စီဆေးရုံကို ပို့ခဲ့သေးတယ်။ မရတဲ့အခါ အိမ် ကို ပြန်သယ်ထားရင်း ဆုံးသွား တာ"ဟုပြောခဲ့သည်။ (7Day) (TaiFreedom)

မေလ ၁၆ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ် တရားရုံးမှ တပ်မတော်ကို အသရေဖျက်သည်ဆိုကာ ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့်တရားစွဲ ဆိုခံရသည့် ပိတ်မိစစ်ရှောင်များ ကယ်ထုတ်ပေးရေး မြစ်ကြီးနား မြို့တွင် ဆန္ဒထုတ်ဖော်ခဲ့သည့် ဦးဆောင်သူ တရားစွဲခံရသူ ကိုလွမ်းဇောင်း၊ ကိုဇော်ဂျက်နှင့် ဒေါ်နန်ပူတို့သုံးဦးအနက် နှစ်ဦးကိုအာမခံပေးပြီး မေလ ၂၁ ရက်တွင် အမှု ကို ကြားနာစစ်ဆေးရန် ထပ်မံချိန်းဆိုခဲ့သည်။ "ဒီနေ့ကတော့ မြောက်ပိုင်း တိုင်းစစ်ဌာနချုပ်က တရားလိုဖြစ် တဲ့ ဒုတိယ ဗိုလ်မှူးကြီးမျိုးမင်းဦး ရောက်ရှိလာတာပေါ့။ ကျွန်တော် တို့ စွပ်စွဲခံထားရတဲ့သုံးဦးမှာ ဒေါ် နန်ပူက ခရီးလွန် နေတဲ့အတွက် ကြောင့် စစ်ဆေးမှု၊ ကြားနာမှုတော့ မလုပ်ဘူး။ ကိုဇော်ဂျက်နဲ့ ကျွန်တော်က အာမခံလျှောက် ထားတော့ အာမခံ ပေးတာပေါ့" ဟု ကိုလွမ်းဇောင်း မှပြောခဲ့သည်။ ဆန္ဒထုတ်ဖော်ခဲ့သူများမှ တပ်မတော်ကို အသရေဖျက်ခြင်းမရှိ၍ အမှုကို ပယ်ဖျက်ပေးရန် တရားရုံးသို့ လျှောက်ထားကြောင်း တရားစွဲခံရသူများ၏ရှေ့နေ ဦးမုန်ဆိုင်းတူးမှ ပြောခဲ့သည်။ (7Day) (7Day) (KachinNew)

ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့နယ်ရှိ လောင်းကစားရုံကို တအန်းအမျိုးသား လွှတ်မြောက်ရေးတပ်မတော် (TNLA) မှ ဝင်ရောက်ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူတွေထဲမှ ဒဏ်ရာပြင်းထန်သူတဦးသည် မေလ ၁၇ ရက်နေ့တွင် ထပ်မံသေဆုံးခဲ့သည်။ ၎င်းနှင့်အတူ သူ့ရဲ့အမျိုးသမီး ပေါက်တဲန်မက ပြည်သူ့စစ်တဦး ပါတယ်။ "သူတို့က ကာဖြင့် နမ့်ခမ်းကိုပြန်မှာ။ ပြည်သူ့ စစ်ကတော့ ပွဲချင်းပြီးသေတယ်။ သူကျတော့ လည်ပင်းမှာနဲ့ ခါးမှာကျည်စ ဝင်သွားတယ်။ ဒဏ်ရာပြင်းလို့ မိုင်းခွန် ဆေးရုံမှာသွားပြီးခွဲထုတ်ထာ။ အောက်ဆီဂျင်ပေးထားရတယ်။ မနေ့က အောက်ဆီဂျင်ဖြုတ်တာနဲ့ သေတာ" ဟုမူဆယ်မြို့ခံ အေယိင်းမှပြောခဲ့သည်။ (ShanNew)

မေလ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် ဖာပွန်မြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး (NLD) ရှေ့၌ မတရား မြေယာသိမ်းဆည်းခံရမှုများဖြေရှင်းပေးရေး၊ မြေစစ်ကော်မတီဖွဲ့စည်းမှုပြင်ဆင်ပေးရေး၊ အမျိုးသားပြန်လည် သင့်မြတ်ရေးအကြောင်းပြကာ စစ်အုပ်စုအညှဥ့်ခံရေးမူဝါဒပြင်ဆင်ပေးရေး စသည့် တောင်းဆိုချက်များ ကိုင်စွဲပြီး ဆန္ဒပြခဲ့သော ကရင်တိုင်းရင်းသား ၅၀ ကျော်များထဲမှ ၃ ဦးအား ရဲတပ်ဖွဲ့မှ ခွင့်မပြုထားသည့် နေရာ၌ ပြုလုပ်ခဲ့ဖြင့်ဟု ဆိုကာ ပုဒ်မ ၂၀ ဖြင့် ဖမ်းဆီး အမှုဖွင့်အရေးယူခဲ့သည်။ (Popular) (TheLadies) (RFA) (Popular)

မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ကြားတွင် နေထိုင်နေကြသည့် ရိုဟင်ဂျာဒုက္ခသည်များအား အမြန်ဆုံး ထွက်ခွာရန် မြန်မာ့လုံခြုံရေးတပ်ဖွဲ့များမှ အသံချဲ့စက်များသုံးပြီး မြန်မာဘာသာ နှင့် ရိုဟင်ဂျာဘာသာ စကား တို့ဖြင့် မေလ ၂၀ ရက်နေ့တွင် စတင်ကြေညာခဲ့သည်။ (RFA)

ဖားကန့်ဒေသတွင် တာဝန်ကျခဲ့သည့် တပ်မ ၁၀၁ ၏ တပ်မမှူးသည် ကျောက်တွင်း လုပ်ငန်းရှင်များဆီမှ လာဘ်ယူပြီး လုပ်ပိုင်ခွင့်များ ပေးနေသည့် တိုင်တန်းချက်များကြောင့် ကျောက်တူးဖော်ရေး ကုမ္ပဏီပိုင်ရှင်များအား မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တွင် ခေါ်ယူစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ တပ်မ ၁၀၁ တပ်မမှူး ဗိုလ်မှူးချုပ် မောင်မောင်ဇံအပြင် ဗိုလ်မှူးကြီးအဆင့်ရှိသည့် ဒုတပ်မမှူးနှင့် ဗျူဟာမှူး ကိုလည်း အရန်အင်အားအဖြစ် ပြောင်းပြီး နေပြည်တော် စစ်ဌာနချုပ်သို့ ပို့ထားကြောင်း BBC မှ သတင်း ဖော်ပြခဲ့သည်။ (BBC)

မြန်မာပြည်အခြေစိုက် ရိုက်တာသတင်းဌာနမှ မြန်မာသတင်းထောက်နှစ်ဦးဖြစ်သည့် ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့ ဖမ်းဆီးခံထားခဲ့ခြင်းနှင့် ပတ်သက်ပြီး မေလ ၂၁ ရက်နေ့ ရုံးချိန်း၌ နေပြည်တော် မှုခင်းရဲတပ်ဖွဲ့မှ နည်းပညာကျွမ်းကျင်သူမှ စစ်ဆေးခဲ့ပြီး ဖုန်းထဲတွင် ပါသော စာရွက်စာတမ်း ၂၁ ရွက်အား သက်သေခံ အချက်အလက်များအဖြစ် တရားရုံးသို့ တင်သွင်းခဲ့သည်။ မေလ ၂၂ ရက်နေ့တွင် တရားရုံးမှ လက်ခံကြောင်းပြောခဲ့သည်။ ကိုဝလုံးတို့ မှ ဒါတွေ အးလုံးဟာ အစိုးရက တရားဝင် ထုတ်ပြန်ထားတာတွေကို ယူထားတာ ဖြစ်ကြောင်းနှင့် ကိုကျော်စိုးဦးမှ လည်း အချို့အချက် အလက်များသည် Facebook Messenger တို့က ပေးပို့တဲ့ ပုံတွေ ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ တရားသူကြီးမှ မေလ ၂၈ ရက်နေ့တွင် ဆက်လက်ရုံးထုတ်မည် ဖြစ်ကြောင်း ကြေညာခဲ့သည်။ (Kumudra) (7day) (Frontier) (BBC) (BBC) (Irrawaddy) (Popular) (Popular)

၂၀၁၇ ဒီဇင်ဘာလတွင် ဖမ်းဆီးခံထားရသော သျှမ်းပြည်ပြန်လည် ထူထောင်ရေး ကောင်စီ သျှမ်းပြည်တပ်မတော် (RCSS/SSA) တပ်ဖွဲ့ဝင် ၄ ဦးနှင့် အရပ်သား နှစ်ဦးတို့အား မြန်မာ့တပ်မတော် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်သား တဦးက လက်နက်မှုနှင့် ဓားမြမှု တို့ဖြင့် တရားစွဲဆိုခဲ့သည်။ (ShanNews)

ရခိုင်ပြည်နယ်မြောက်ပိုင်း အင်းဒင်ရွာ လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုအပေါ် စုံစမ်းထောက်လှမ်းခဲ့သဖြင့် နိုင်ငံတော် လျှို့ဝှက်ချက်ဥပဒေနှင့် တရားစွဲဆို ဖမ်းဆီးခံထားရသည့် ကိုသက်ဦးမောင် နှင့် ကိုကျော်စိုးဦး တို့ သတင်းထောက် နှစ်ယောက်အား PEN America အဖွဲ့မှ မေလ ၂၂ ရက်နေ့တွင် လွတ်လပ်စွာ ရေးသားခွင့်ဆိုင်ရာ ဆုချီးမြှင့်ခဲ့သည်။ (RFA)

မေလ ၂၂ ရက်နေ့တွင် ကရင်ပြည်နယ် ဖာပွန်ခရိုင်ရှိ ခေးပူနှင့် လယ်မူပလောဒေသ၌ တိုးချဲ့ချထားသည့် မြန်မာ့တပ်မတော်သားများထဲမှ စက်ပစ္စည်းနှင့် အတူ အယောက် ၂၀၀ ကျော် စတင် တပ်ရုတ်သိမ်းခဲ့သည်။ (BBC)

မန္တလေးမြို့၌ ထိုးစစ်များ ရပ်ဆိုင်းရေးနှင့် ပိတ်မိပြည်သူများ လွတ်ပေးရေးကမ်ပိန်းတွင် ပါဝင်ခဲ့သည့် အောင်မိုင်းဆန်းနှင့် ဒိန်းဒေါင်(ခ) စိုးမိုးနိုင် တို့ကို မေလ ၂၂ ရက်နေ့ ၌ ချမ်းအေးသာစံမြို့နယ် တရားရုံးက ထောင်ဒဏ်နှစ်လ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ (TheLadies) (7day)

## နိုင်ငံတကာဆက်ဆံရေး

မေ ၁၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရေဝတီ ရေတပ်စခန်းဌာနချုပ်၊ အရာရှိရိပ်သာ၌ ဆဋ္ဌမအကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ ရေတပ်ချင်း တွေ့ဆုံဆွေးနွေးပွဲ (6th MNRTN Navy to Navy Talks) ကို ပြုလုပ်ရာ တနင်္သာရီရေတပ် စခန်း ဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇွဲဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းဘုရင့်ရေတပ် Office of Policy and Planning,Naval Operations Department မှ Director ဖြစ်သူ Rear Admiral Chonlathis Navan ugraha ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့သည်။ (Military)

မေလ ၁၈ ရက်နေ့တွင် တရုတ်ပြည် ကူမင်းမြို့၌ မြောက်ပိုင်း မဟာမိတ်အဖွဲ့ (NAB) ၏ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးရေး ကော်မတီ (FPNCC) နှင့် တရုတ် အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ ဆွန်ကိုရှန်း Mr Sun Guoxiangတို့ တွေ့ဆုံ ဆွေးနွေးခဲ့သည် ဟု ကြေငြာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ ကြေငြာချက်တွင် မြန်မာအစိုးရမှ ၂၁ ရာစု ပင်လုံညီလာခံကို ဖိတ်ကြားလာရင် တက်ရောက်ဖို့ မစ္စတာ ဆွန်ကိုရှန်း Mr Sun Guoxiangမှအကြံပြုခဲ့ပြီး၊ တရုတ် မြန်မာ နယ်စပ် တည်ငြိမ်ရေး ဝိုင်းဝန်း ဆောင်ရွက်ဖို့၊ နိုင်ငံရေး၊ ဒေသ တည်ငြိမ်ရေး ပြဿနာ ရပ်များကို လက်နက်ကိုင် နည်းလမ်းနှင့် မဖြေရှင်းဘဲ ဆွေးနွေး အဖြေရှာရန် ဆွေးနွေးခဲ့သည်ဟု ဖော်ပြခဲ့သည်။ (FPNCC) (NMG) (RFA) (Mizzima) (MyanmarTime) (7Day) (MarnagarNew) (TNLA)

မေလ ၁၈ ရက်နေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံ၊ ဗြိတိသျှကိုလံဘီယာပြည်နယ်၊ ဗန်ကူးဗားမြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန် Mr. Peter Chung အားလည်းကောင်း၊ အမေရိကန် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ ( United States Agency for International Development – USAID) ၏ အုပ်ချုပ်ရေးမှူး Mr. Mark Andrew Green ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ ကုလသမဂ္ဂလက်ထောက် အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ (United Nations Population Fund-UNFPA) ၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms. Laura Londen ဦးဆောင်သည့် ကိုယ်စား လှယ်အဖွဲ့အား နေ့လည် ၂ နာရီတွင် လည်းကောင်း သီးခြားစီ လက်ခံတွေ့ဆုံခဲ့သည်။ (SC Office) (TheLadies) (MOI)

မေလ ၂၁ ရက်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ တရုတ်နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့် (CPPCC) ဒုတိယဥက္ကဋ္ဌ H.E.Mr. Wang Zhengwei ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံကိန်း (One Belt One Road) ၊ နှစ်နိုင်ငံချစ်ကြည် ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ် နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် (CPPCC) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့ နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်ခဲ့သည်။ (PresidentOffice) (MOI)

မေလ ၂၁ ရက်နေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ ဒေါ်အောင်ဆန်းစုကြည်နှင့် ကာတာ စင်တာ၏ အမှုဆောင်အရာရှိချုပ်၊ အသံအမတ်ကြီးဟောင်း Ms. Mary Ann Peters တို့ တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီအသွင် ကူးပြောင်းရေးကြိုးပမ်းဆောင်ရွက် မှုတွင်ကာတာစင်တာမှ အတွေ့အကြုံများမျှဝေရေး နှင့် ပံ့ပိုးကူညီမှု ပေးရေး ကိစ္စတို့ကိုဆွေးနွေးခဲ့သည်။(SCoffice)

မေလ ၂၁ ရက်နေ့ နေ့လည် ၃ နာရီ ၁၅ မိနစ်ခန့်တွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ၊ ပြည်သူ့ လွှတ်တော် ဧည့်ခန်းမ၌ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် တရုတ်နိုင်ငံ အတိုင်ပင်ခံ ကွန်ဖရင့်၏ ဒုတိယ ဥက္ကဋ္ဌ H.E.Mr. Wang Zhengwei တို့ တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည် ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက် ဆက်ဆံရေးသို့ တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသား ရင်ကြားစေ့ရေး ကိစ္စရပ်များတွင် ပိုမိုပူးပေါင်း ပါဝင်ကူညီပေးရေး၊ နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက် ရေး၊ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော် ကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးခင်မောင်ဝင်း၊ ဦးအောင်မင်း၊ ဒေါက်တာဒေါ်မေဝင်းမြင့်၊ ဦးဇော်သိန်း၊ ဦးခွန်မောင်သောင်း၊ ဒေါ်ခင်စန်းလှိုင်၊ ဦးခင်အေး၊ ဦးဝင်းသိန်းဇော်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (MOI)

မေလ ၂၁ ရက်နေ့ နေ့လည် ၂ နာရီတွင် နေပြည်တော်ရှိအမျိုးသား လွှတ်တော်ဆောင် Talk Room ၌ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း နှင့် တရုတ်နိုင်ငံ အတိုင်ပင်ခံ ကွန်ဖရင့် (CPPCC) ဒုတိယ ဥက္ကဋ္ဌ H.E.Mr. Wang Zhengwei တို့အဖွဲ့ တို့ တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံအကြား ပြည်သူအစိုးရ၊ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတွေ့အကြုံများ မျှဝေရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် CPPCC ၏ ဖွဲ့စည်းတည်ဆောက်မှုနှင့် နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေးကဏ္ဍတို့တွင် ပါဝင်ဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲသို့ အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော်ရေးရာ ကော်မတီများဖြစ်သည့် နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင် ရွက်ရေးကော်မတီ၊ တိုင်းရင်းသား ရေးရာကော်မတီ၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီတို့မှ ဥက္ကဋ္ဌများ၊ အမျိုးသား လွှတ်တော် မြန်မာ-တရုတ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ (MOI)

မေလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ တရုတ်နိုင်ငံ အတိုင်ပင်ခံကွန်ဖရင့် (CPPCC) ၊ ဒုတိယ ဥက္ကဋ္ဌ H.E.Mr. Wang hengwei နှင့် ဒေါ်အောင်ဆန်းစုကြည့်တို့ တွေ့ဆုံခဲ့ပြီး ရပ်ဝန်းတခု လမ်းကြောင်းတခု စီမံကိန်းအောက်တွင် ပူးပေါင်း ဆောင်ရွက်ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး လုပ်ငန်းနှင့် ရခိုင်ပြည်နယ်အရေးကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။ (MOI) (SCoffice)

မေလ ၂၂ ရက်နေ့ နံနက်ပိုင်း ၁၁ နာရီ ၁၅ မိနစ်တွင် နိုင်ငံခြားရေး ဝန်ကြီးဌာန၌ တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အာရှရေးရာ အထူးကိုယ်စားလှယ်၊ Mr. Sun Guoxiang (မစ္စတာ စွန်းကော်ရှန်း) နှင့် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ဆက်ဆံရေး တိုးမြှင့်ခြင်း ဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ် အရေးတို့အား ဆွေးနွေးခဲ့သည်။ (MOI) (SCoffice)

မေလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင် ဧည့်ရိပ်သာခန်းမ၌ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang တို့ တွေ့ဆုံခဲ့သည်။ အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး သန်းထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ်နှင့် အတူ မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံသံရုံးမှ ကောင်စစ်ဝန်ချုပ် Mrs. Li Xiaoyan၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ တွေ့ဆုံရာတွင် မူဆယ်၌ ဖြစ်ပွားခဲ့သော တိုက်ပွဲနှင့် ပတ်သတ်၍ ဆွေးနွေးခဲ့သည်။ (Military) (mmtime) (MOI)

မေလ ၂၃ ရက်နေ့ ည ၇ နာရီအချိန်တွင် တောင်ကြီးမြို့ရှိ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ၏ လူထု ဆက်ဆံရေးရုံး၌ လူထုဆက်ဆံရေးရုံး တာဝန်ခံ လုံးအုမ်ခေး ၊ RCSS ၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဌာနမှ တာဝန်ရှိသူ ဗိုလ်မှူး ဆိုင်ဝမ်း နှင့် ကမ္ဘာ့ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့ (UNODC) မှ ကိုယ်စားလှယ် ၄ ဦးတို့ တွေ့ဆုံ ဆွေးနွေးခဲ့သည်။ တွေ့ဆုံမှုတွင် ရှမ်းပြည်နယ် တောင်ပိုင်း ဟိုပုံးမြို့နယ်အတွင်း UNODC အဖွဲ့မှ ဘိန်းအစားထိုး ကော်ဖီများ စိုက်ပျိုးစေရန်၊ ကော်ဖီများအား ၁ ကီလိုလျှင် ၂.၇ ဒေါ်လာဖြင့် ၅ နှစ်တာကာလအထိ ဝယ်ယူသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သည့် မျိုးပင်များကိုလည်း ကူညီသွားမည့် အကြောင်းများ ဆွေးနွေးခဲ့သည်။ (Taifreedom)

မေလ ၂၈ ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် စိုးဝင်းသည် ကုလသမဂ္ဂအထွေထွေအတွင်း ရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ အထူး ကိုယ်စားလှယ် Ms. Virginia Gamba ဦးဆောင် သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ခဲ့ပြီး ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အတူ ပူးတွဲဥက္ကဋ္ဌ Mr. Knut Ostby နှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့သည်။ (Military)

မေလ ၂၈ ရက်နေ့ နေ့လည်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင် နှင့် မြန်မာနိုင်ငံဆိုင်ရာ ကာတာ နိုင်ငံသံအမတ်ကြီး H.E. Mr. Hassan Bin Mohamed Rafei AL-Emadi တို့ တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံအမတ်ကြီးနှင့် အတူ တာဝန်ရှိသူတို့ တက်ရောက်ခဲ့သည်။ (Military)